ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အငှမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ ၁၈-၆-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရေဘေးကယ်ဆယ်ရေး။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၄င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဆေးကုသမှု ခံယူရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်ကြီးပန်းအိစံ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရှောင်တခင်ခွင့်သွားရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ပခရီးစဉ်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ညြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ညြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုနေ ယခင် စစ်တောင်းစက္ကူစက် ဝန်ထမ်းဟောင်းများဖြစ်သည့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီက (၃၀-၁၁-၂၀၁၇) ရက်နေ့တွင် (၃)လစာပေး၍ အလုပ်မှ အနားယူစေခြင်းခံရသည့် ဝန်ထမ်း(၄၇၆)ဦးနှင့် ပတ်သက်၍ အလုပ်အကိုင်ရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုနေ ယခင်စစ်တောင်းစက္ကူစက် ဝန်ထမ်းဟောင်းများဖြစ်သည့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက (၃၀-၁၁-၂၀၁၇)ရက်နေ့တွင် (၃)လစာပေး၍ အလုပ်မှ အနားယူစေခြင်းခံရသည့် ဝန်ထမ်း(၄၇၆)ဦးနှင့် ပတ်သက်၍ အလုပ်အကိုင်ရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်တယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုနေ ယခင်စစ်တောင်းစက္ကူစက် ဝန်ထမ်းဟောင်းများဖြစ်တဲ့ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ၃၀-၁၁-၂၀၁၇ ရက်နေ့မှာ (၃)လစာပေးပြီးတော့ အလုပ်မှအနားယူစေခြင်းခံရတဲ့ ဝန်ထမ်း(၄၇၆)ဦးနှင့် ပတ်သက်ပြီးတော့ အလုပ်အကိုင်ရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နိုင်ငံတော်ပိုင် စစ်တောင်းစက္ကူစက်ကြီးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှာ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီကို လွှဲပြောင်းရောင်းချခဲ့ရာမှာ လက်ရှိစက်ရုံဝန်ထမ်းပေါင်း(၈၆၁)ဦးရဲ့ အနာဂတ်ဘဝရပ်တည်ရေးနဲ့ ပတ်သက်ပြီးတော့ ကုမ္ပဏီနှင့် စက်ရုံဝန်ထမ်းများဟာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရှေ့မှာ တွေ့ဆုံပြီးတော့ ဝန်ထမ်း(၈၆၁)ဦးရဲ့ အနာဂတ် ပျက်ယွင်းမှုမရှိစေရေးအတွက် အာမခံခဲ့တဲ့အတွက် ဝန်ထမ်း(၁၃၀)ခန့်နဲ့ ယခင် ပင်စင်ယူသူများကလွဲပြီးတော့ ကျန်ဝန်ထမ်းများ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ကြပါတယ်။ ကုမ္ပဏီက Industrial Complex ၁၊ ၂၊ ၃ ခေတ်အားပေးစက်ရုံ ဒါတွေ တည်ဆောက်အကောင်အထည်ဖော်သွားမှာမို့လို့ ကတိကဝတ်များပေးပြီးတော့ နှစ်ဖက်စာချုပ် ချုပ်ဆိုခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ကုမ္ပဏီက အဓိကစက်ရုံကြီး(၃)ရုံထဲက စက်ပစ္စည်းအများကြီးကို ရောင်းချခဲ့ပြီး ဖြစ်ကြောင်းသိရပါတယ်။ (၃)နှစ်လုံးလုံး ဘယ်လုပ်ငန်းမှ အကောင်အထည်မပေါ်တဲ့အတွက် အမျိုးသားလွှတ်တော်မှာ ဒီမေးခွန်းကို ကျွန်တော်ပဲမေးခဲ့ဖူးပါတယ်။ အခု ကျွန်တော့်မေးခွန်း ပြီးတဲ့နောက်ပိုင်းမှာတော့ မြေနေရာများနဲ့ မွန်ပြည်နယ်အစိုးရကို ပြန်လည်ပြီးတော့ ဒီစက်ရုံကိုလွှဲပြောင်းခဲ့ကြောင်း သိရှိ

ရပါတယ်။ ကုမ္ပဏီက လွှဲယူခန့်ထားခဲ့တဲ့ ဝန်ထမ်း(၄၇၆)ဦးကို (၅)လစာပေးပြီးတော့ အလုပ်မှ ရပ်နားခိုင်းတဲ့ကိစ္စ ပေါ်လာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းမှာ (၃)လစာပေးပြီးတော့ ဖော်ပြခဲ့တာနဲ့ပတ်သက်ပြီးတော့၊ ပထမကျွန်တော့်ဆီကို ဝန်ထမ်းများ တင်ပြခဲ့ရာမှာ (၃)လစာလို့ ဖော်ပြခဲ့ပေမယ့် နောက်ပိုင်းမှာ အမှန်(၅)လစာဖြစ်ခဲ့ကြောင်း ပြန်တင်ပြလာပါတယ်။ ဒီကွဲလွဲမှုအတွက် ကျွန်တော့်မှာသာ တာဝန်ရှိပါတယ်။ ဝန်ထမ်း(၄၇၆)ဦးအနက် အသက် (၆၀)ပြည့်လုနီးပါးသူများ၊ မကျန်းမာသူများနဲ့ အချို့ဝန်ထမ်းများဟာ (၅)လစာယူပြီးတော့ အလုပ်မှ အနားယူကြပေမယ့် အင်ဂျင်နီယာလို အရာရှိနဲ့ ဝန်ထမ်း (၂၉၉)ဦးကတော့ ယနေ့အထိ (၅)လစာမယူဘဲနဲ့ ကုမ္ပဏီက ကတိအတိုင်း ဆောင်ရွက်ပေးဖို့ ပြောဆိုနေရဆဲ ဖြစ်ပါတယ်။ အနားယူသွားတဲ့ ဝန်ထမ်းအချို့ရဲ့ ဘဝအခြေအနေကို အမြွက်မျှသိရှိအောင် Power Point နဲ့ တင်ပြခွင့်ပြုဖို့ ခွင့်တောင်းအပ်ပါတယ်။

ရွှေသံလွင်ကုမ္ပဏီက အနားပေးခဲ့တဲ့ စစ်တောင်းစက္ကူစက်၊ ဝန်ထမ်းအိမ်ရာ၊ နဝရတ်ရပ်ကွက်၊ (၃/၂)မှာနေတဲ့ ကလေး(၅)ဦးရဲ့ဖခင် ဦးဘတင် ဟာ အဝေးသင်တက်နေတဲ့ တက္ကသိုလ် ကျောင်းသား (၂)ဦး ရှိပါတယ်။ စားဝတ်နေရေးမပြေလည်တဲ့အတွက် မိသားစု၊ အမျိုးသမီးအပါအဝင် မိသားစုအားလုံး အုတ်ရိုက်ပြီးတော့ စားသောက်နေရပါတယ်။ စန္ဒာဦးကုန်းက အမှတ် ၁၁ (စ)မှာနေတဲ့ ဦးသိန်းဝင်း မိသားစုဟာ မိသားစုဝင်(၁၃)ဦးရှိပြီးတော့ အိမ်ဆိုင်ဖွင့်ထားရသလို အမျိုးသမီးက အဝတ်ငှားလျှော်နေရတဲ့ဘဝဖြစ်ပါတယ်။ မလုံလောက်မှုကြောင့် အိမ်ဆိုင်ပြုတ်ရမယ့် အခြေအနေ ရင်ဆိုင်နေရပါတယ်။ နောက်တစ်ခုကတော့ ရွှေလှိုဦးရပ်ကွက်က အမှတ် ၅(က)မှာနေတဲ့ ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပြီးဖြစ်တဲ့ မုဆိုးမ ဒေါ်သွယ်သွယ်တိုး မှာ မိသားစုဝင်(၃)ဦး ရှိပါတယ်။ ကလေး(၃)ဦး ရှိပါတယ်။ (၁၀)တန်းတက်နေတဲ့ ကလေး(၂)ဦးရှိပါတယ်။ သူများကလေး ထိန်းပြီးတော့ အသက်ဆက်နေရပါတယ်။ နောက်တစ်ခု ရွှေလှိုဦးရပ်ကွက်၊ အမှတ်(၃၃)မှာနေတဲ့ ဦးနိုင်ဝင်း မိသားစုမှာ မိသားစု (၅)ဦးရှိပြီးတော့ ရန်ကုန်မှာ လုံခြုံရေးဝန်ထမ်းအဖြစ် သွားလုပ်နေရပါတယ်။ အဲဒီတော့ ကလေးတွေကို ကျောင်းထွက်ခိုင်းပြီးတော့ သိမ်ဇရပ်ဈေးထဲမှာ တစ်နေ့ကျပ်(၁၂၀၀)ခန့်လောက်နဲ့ အလုပ်သွားလုပ်ခိုင်း နေရပါတယ်။ ဒီကြားထဲမှာ ပစ္စည်းပျောက်လို့ဆိုရင် လျော်ရတဲ့အတွက် ကလေးတွေဟာ (၁၂၀၀)ကျပ်လည်း မရပါဘူး။ နောက် တစ်ယောက်ကတော့ ရွှေလှံ့ဘုရင်ရပ်ကွက် ၄၆(ခ)မှာနေတဲ့ ဒေါ်အေးအေးအောင် ကတော့ မိအိုဖအို (၂)ဦးကို လုပ်ကျွေးနေတဲ့သူ ဖြစ်ပါတယ်။ (၁၀)နှစ်မပြည့်လို့ ပင်စင်လည်းမရပါဘူး။ အလုပ်ပြုတ်သွားတော့ ဖခင်တပ်ကြပ်ကြီးရဲ့ အငြိမ်းစားလစာ ကျပ်(၂၀၀၀၀)လောက်နဲ့ ရပ်တည်ဖို့ အခက်အခဲနဲ့ ကြုံနေရပါတယ်။ အခုတင်ပြခဲ့တာဟာ မိသားစုဝင်များအားလုံးရဲ့ စားဝတ်နေရေးနဲ့ ကလေးငယ်များရဲ့ဘဝရှေ့ရေး ပြိုလဲပျက်စီးခဲ့ကြတဲ့အဖြစ် ဖြစ်ပါတယ်။

(၃)နှစ်ကျော်ကြာအောင် ဘာလုပ်ငန်းမှ အကောင်အထည်မပေါ်ဘဲနဲ့ ဝန်ထမ်းများကို လစာတစ်လကို သိန်း(၆၅၀)လောက်ပေးနိုင်ခဲ့တဲ့ ကုမ္ပဏီအနေနဲ့ အစိုးရကိုပြန်မအပ်ခင် ဒါမှမဟုတ် စက်ရုံရဲ့တည်နေရာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမှု ပြီးတော့ အစစအရာရာ ဒီလိုအခြေအနေတွေပြည့်စုံနေတဲ့နေရာမှာ လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပြီးတော့ အလုပ်သမားများကို ဆက်ထိန်းထားသင့်ပါတယ်။ ဒါကြောင့်မို့လို့ အခုအားလုံး ဒုက္ခရောက်နေတဲ့ကိစ္စကို သက်ဆိုင်ရာ

ဝန်ကြီးဌာနအနေနဲ့ အလုပ်သမားများ၊ ဝန်ထမ်းဟောင်းများ အလုပ်အကိုင်ပြန်လည်ရရှိရေးအတွက် ဘယ်လိုစီစဉ်ထားသလဲဆိုတာကို သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စားဝတ်နေရေးမပြေလည်ကြသည့် မိသားစုများအား တွေ့ဆုံသည့် မြင်ကွင်းပုံ (၀)




စားဝတ်နေရေးမပြေလည်ကြသည့် မိသားစုများအား တွေ့ဆုံသည့် မြင်ကွင်းပုံ (၀-၁)



စားဝတ်နေရေးမပြေလည်ကြသည့် မိသားစုများအား တွေ့ဆုံသည့် မြင်ကွင်းပုံ (ဝ-၂)




**အချိန်၊ ၁ဝး၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁ဝး၁၂။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ၏ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုနေ ယခင်စက္ကူစက်ရုံ(စစ်တောင်း) ဝန်ထမ်းဟောင်းများ ဖြစ်ကြသည့် ပြင်ပဝန်ထမ်းများကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က ၃၀-၁၁-၂၀၁၇ ရက်နေ့တွင် (၃)လစာပေး၍ အလုပ်မှ အနားယူစေခြင်းခံရသည့် ဝန်ထမ်း(၄၇၆)ဦးနှင့် ပတ်သက်၍ အလုပ်အကိုင် ရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရကိုယ်စား စက်မှုဝန်ကြီးဌာနက ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ(စစ်တောင်း)ရှိ မြေ၊ စက်ရုံနှင့် အခြားအဆောက်အဦများ၊ စက်ရုံပစ္စည်းများအား မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရေးကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇)မှ သဘောတူခွင့်ပြုခဲ့ပါတယ်။ အဆိုပါခွင့်ပြုချက်အရ စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအား လွှဲပြောင်းလက်ခံရန်နှင့် ကုမ္ပဏီဝန်ထမ်း(၄၇၆)ဦးအား နိုင်ငံတော်မှ တည်ဆဲဥပဒေအရ ကရုဏာကြေး၊ နစ်နာကြေးများပေးအပ်၍ ဝန်ထမ်းအဖြစ်မှ ရပ်ဆိုင်းရေးကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ဖြေရှင်းနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပဏာမ လေ့လာစိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ပဏာမလေ့လာစိစစ်ရေးကော်မတီ၏ မြေပြင်ကွင်းဆင်းစစ်ဆေး အကြံပြုချက်များအရ စက်ရုံ၊ မြေနှင့် ကုန်ကြမ်းစိုက်ခင်းမြေများအား မြေယာဥပဒေနှင့်အညီ စနစ်တကျပြန်လည်လက်ခံရေး၊ ကြီးကြပ်မှုကော်မတီ၊ အဆောက်အဦနှင့် စက်ပစ္စည်းများ လွှဲပြောင်းလက်ခံရေး၊ ကြီးကြပ်ရေး၊ စစ်ဆေးရေးကော်မတီနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ဝန်ထမ်း(၄၇၆)ဦးကို ကရုဏာကြေး၊ နစ်နာကြေးများ ပေးအပ်ပြီး ကုမ္ပဏီဝန်ထမ်းများအဖြစ်မှ ရပ်ဆိုင်းခြင်းအား နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ကြီးကြပ်မှုကော်မတီကို မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပဏာမလေ့လာစိစစ်ရေးကော်မတီနှင့် ကြီးကြပ်ရေးကော်မတီ (၃)ရပ်၏ စာရင်းဇယားများ စစ်ဆေးထားရှိမှုနှင့် စက်မှုဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးအစီရင်ခံချက်တို့အရ စက္ကူစက်ရုံ(စစ်တောင်း)၏ မြေ(၆၉၈.၄၂)ဧကနှင့် ယင်းမြေပေါ်ရှိ စက်ရုံအဆောက်အဦများ၊ စက်ပစ္စည်းများကို ၂-၅-၂၀၁၈ ရက်နေ့တွင် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

ကရုဏာကြေး၊ နစ်နာကြေးပေးအပ်မှု ကြီးကြပ်ရေးကော်မတီအနေဖြင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်ရှိ ဝန်ထမ်း(၄၇၆)ဦးအနက် သက်ပြည့်ပင်စင်ယူသူ(၁)ဦး၊ ကုမ္ပဏီဝန်ထမ်းအဖြစ်ခန့်အပ်သူ(၂)ဦးအပါအဝင် စုစုပေါင်း(၃)ဦးရှိပြီး ကျန်ဝန်ထမ်း(၄၇၃)ဦးအား အလုပ်မှရပ်စဲခဲ့ခြင်းအတွက် နစ်နာကြေးများကို ယခင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် သတ်မှတ်ထားခဲ့သည့် နစ်နာကြေး(၅)လစာ ထုတ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလအထိ ကုမ္ပဏီဝန်ထမ်း (၁၇၄)ဦးတို့မှ ကျိုက်ထိုမြို့နယ်၊ စက္ကူစက်ရုံ(စစ်တောင်း) ရုံးခန်းတွင် နစ်နာကြေးများ လာရောက်ထုတ်ယူခဲ့ကြပြီးလည်း ဖြစ်ပါတယ်။

စက္ကူစက်ရုံ(စစ်တောင်း)ရှိ ကုမ္ပဏီဝန်ထမ်းများအား တည်ဆဲအလုပ်သမားဥပဒေများအရ အလုပ်ရပ်စဲနစ်နာကြေး(၅)လစာ ပေးထားပြီးဖြစ်ပါသောကြောင့် အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍ လတ်တလောတွင် သီးခြားစီစဉ်ဆောင်ရွက်ထားခြင်း မရှိနိုင်သေးပါကြောင်း၊ ပုဂ္ဂလိကမှ ပါဝင်ပူးပေါင်းသူများ၏ လုပ်ငန်းစတင်ချိန်အတွင်းမှာသာလျှင် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းကို

မွန်ပြည်နယ် အစိုးရအဖွဲ့မှ ပြန်လည်ဖြေကြားခဲ့ပါတယ်။ အဆိုပါစက်ရုံတွင် စက်မှုနယ်မြေအဖြစ် ထူထောင်ရန် စိတ်ဝင်စားသော ပြင်ပကုမ္ပဏီများဖြစ်သည့် မြန်မာနိုင်ငံမှ ဟသ်ာဇကေရီကုမ္ပဏီ၊ ကိုရီးယား နိုင်ငံ Korea Industrial Complex (KIC) Co.Ltd ၊ အလားတူ ဂျပန်နိုင်ငံ YAZAKI Co.Ltd ၊ Nankai Electrical Power Co.Ltd နှင့် သန်းထိုက်လူ ကုမ္ပဏီလီမိတက်တို့မှ ကွင်းဆင်းလေ့လာခဲ့ကြပြီး မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ ဝန်ထမ်းများ၏ ဘဝအာမခံချက်ရရှိရေး အတွက် ရှေ့လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး ညှိနှိုင်းနေဆဲဖြစ်ပါကြောင်းနဲ့ မကြာမီ လူမှုဘဝအဆင်ပြေစေနိုင်စေရေးအတွက် လုပ်ငန်းများကို အမြန်ဆုံး စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အထက်ဘလိုင်အုပ်စု၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်းက ချင်း ပြည်နယ်၊ ပလက်ဝမြို့နယ်၊ အထက်ဘလိုင်အုပ်စု၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်ရဲ့ တောင်ဘက်အစွန်ဆုံးတွင်တည်ရှိပြီး ပထဝီမြေအနေအထား အရ တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင်များ တည်ရှိနေသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲ ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသော ဒေသဖြစ်သည်နှင့်အညီ ကျေးရွာတစ်ရွာနှင့်တစ်ရွာ သွားလာ ရာတွင် မြေနီလမ်းကျဉ်းကျဉ်းများသာ ရှိပါတယ်။ အခုလိုမျိုး အခွင့်အခါသင့်သော အချိန်တွင် နိုင်ငံတော်အစိုးရမှ ကျေးရွာချင်းဆက် လမ်း၊ တံတားများ တည်ဆောက်ပေးရန် အထူးလိုအပ်နေလျက် ရှိနေပါတယ်။ ကျွန်တော်တင်ပြမည့် အထက်ဘလိုင်အုပ်စု၊ ဘဲဒင်ဝကျေးရွာသည် အိမ်ခြေ(၁၄၀)ခန့် ရှိပြီး မူလတန်းလွန်ကျောင်းရှိသော ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ ကုလားတန်မြစ်ကမ်းဘေး၌

တည်ရှိသော ခအုန်ဝကျေးရွာမှ ဘဲဒင်ဝကျေးရွာသို့ ကုန်းမိုင်(၆)မိုင်ခန့် ခြေကျင်ခရီးဖြင့် နိစ္စဓူဝ ရွာသားများ လျှောက်လမ်းခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ လွှတ်တော်ရန်ပုံငွေဖြင့် ဖောက်လုပ်သော ဒါ ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လမ်းဖောက်လုပ်တဲ့ဟာကို ကျွန်တော်တို့ ကွင်းဆင်းရင်းနဲ့ ကျွန်တော်တို့ သွားသောလမ်း ဖြစ်ပါတယ်။ နောက်တစ်ခု ဒါကတော့ အဲဒီလမ်းကြားမှာ ကျွန်တော်တို့ လဲမှို့ခင်းတွေ၊ ငှက်ပျောခင်းတွေ၊ ဒေသထွက်သီးနှံတွေ တအားထွက်တာကို ကျွန်တော် မြင်တွေ့ရတာ ဖြစ်ပါတယ်။ ဒါကတော့ လမ်း၊ တံတားများလည်း ဒေသခံများဟာ ဝါးတံတားကို ကျွန်တော်တို့ လုပ်ရင်းနဲ့ ကျွန်တော် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းရင်းနဲ့ သွားတာဖြစ်ပါတယ်။ ဒါကတော့ အဲဒီဒေသကနေ ထွက်တဲ့ ဝဥခြောက်ကို ထမ်းလာတာ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီ ကျေးရွာအရောက်ကို ကျွန်တော်တို့ (၆)မိုင်သွားမှာ ဖြစ်ပါတယ်။ (၆)မိုင်ဆိုတော့ အသွား(၃)နာရီပါ။ ဒါ စက်ပစ္စည်းကို ကျွန်တော်တို့ လူ လေး၊ ငါးယောက် အလှည့်ကျ ထမ်းပြီးတော့ သွားတာဖြစ်ပါတယ်။ ဟုတ်ကဲ့ ကျေးဇူး တင်ပါတယ်။

အဆိုပါလမ်းအား လွန်ခဲ့သော အစိုးရလက်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေကျပ်(၃၃)သိန်းဖြင့် ပေါက်တူး၊ ပေါက်ပြားများဖြင့် တူးဖော်၍ လမ်းအူကြောင်းရှိပြီးသား လမ်းလည်း ဖြစ်ပါတယ်။ ယခုအခါ ဆိုင်ကယ်လမ်း သွားလာနိုင်သောလမ်း အဆင့်မြှင့်တင်ရန် လိုအပ်လျက် ရှိပါတယ်။ ၎င်းလမ်းအား ဆိုင်ကယ်လမ်း ဖောက်လုပ်နိုင်မည်ဆိုလျှင် ဒေသခံခရီးသွား ပြည်သူများ၊ ပညာရေးဝန်ထမ်းများ၊ အခြားစေတနာ့ဝန်ထမ်းများ သွားလာရေးလွယ်ကူမည်ဖြစ်သည့်အပြင် ဒေသထွက် သီးနှံများကိုလည်း ဆိုင်ကယ်များဖြင့် လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ပါတယ်။ သက်ဆိုင်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနမှလည်း အဆိုပါလမ်းအား ဖောက်လုပ်ပေးနိုင်မည်ဟု ယုံကြည်ပါတယ်။ ကျေးလက်ဒေသနေ ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်ပေးရန် တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အထက်ဘလိုင်အုပ်စု၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပလက်ဝမြို့နယ်၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာအကြား လွှတ်တော်ရန်ပုံငွေဖြင့် ဖောက်လုပ်သောလမ်း မြင်ကွင်းပုံ (သ)



ပလက်ဝမြို့နယ်၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာအကြား လွှတ်တော်ရန်ပုံငွေဖြင့် ဖောက်လုပ်သောလမ်း မြင်ကွင်းပုံ (သ-၁)



ပလက်ဝမြို့နယ်၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာအကြား လွှတ်တော်ရန်ပုံငွေဖြင့် ဖောက်လုပ်သောလမ်း မြင်ကွင်းပုံ (သ-၂)



**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အထက်ဘလိုင်အုပ်စု၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာချင်းဆက် ဆိုင်ကယ်သွားလမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများရဲ့ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ကျွန်တော်တို့ ပြည်နယ်၊ တိုင်းဒေသကြီးများအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးများမှာ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘဏ္ဍာရေးနှစ်များ အလိုက် သက်ဆိုင်ရာ ဒေသများမှာ စီမံကိန်းလုပ်ငန်းများကို ရန်ပုံငွေလျာထားတဲ့နေရာမှာ မိမိ ဝန်ကြီးဌာနရဲ့ မူလစီမံကိန်းမှာပါဝင်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာမက လွှတ်တော်ကိုယ်စားလှယ်များရဲ့

တင်ပြချက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတွေရဲ့ တင်ပြချက်၊ ဒေသခံပြည်သူလူထုများရဲ့ တင်ပြတောင်းဆိုချက်များအပေါ် မူတည်ပြီး အမှန်တကယ်လိုအပ်မယ့် လုပ်ငန်းများကို ရန်ပုံငွေ လျာထားပြီး ဘဏ္ဍာငွေစိစစ်ရေးကော်မတီရဲ့ ခွင့်ပြုဘောင်အတွင်းကနေပြီးတော့ ကျွန်တော်တို့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လအထိ စုစုပေါင်းရန်ပုံငွေကျပ် (၉၉၈၄.၅၄၁၁)သန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၁၂)လတွင်လည်း လမ်း၊ တံတား လုပ်ငန်းများအတွက် ငွေကျပ်(၆၉၄၈.၂၇၆)သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ်(၁၃၀)သန်း၊ ရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ်(၅၅၂.၅၀၀)သန်း စုစုပေါင်း ရန်ပုံငွေကျပ် (၇၆၃၀.၇၇၆)သန်းဖြင့် အဆိုပြု လျာထားဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားမှုများကိုလည်း နှစ်စဉ် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာပါတဲ့ ပလက်ဝမြို့နယ်၊ အထက်ဘလိုင်အုပ်စု၊ ဘဲဒင်ဝကျေးရွာနှင့် ခအုန်ဝကျေးရွာချင်းဆက် ဆိုင်ကယ်သွားလမ်းသည် အမှန်တကယ်လိုအပ်နေသော လမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စတင်ဖောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ အပိုင်းလိုက်၊ ဦးစားပေးအလိုက် ရန်ပုံငွေများကို ကျွန်တော် တင်ပြတောင်းခံမှာဖြစ်ပြီးတော့ ရန်ပုံငွေ ခွင့်ပြုမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင် ဥပဒေနှင့် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေး ဥပဒေတို့မှ ကင်းလွတ်နေသော ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်သင်တန်း ကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်း၊ IT၊ Business၊ Leadership အစရှိသည့် သင်တန်းကျောင်း များအား စနစ်တကျ စိစစ်ကြပ်မတ်ရန်၊ သင်ကြားရေးဆိုင်ရာ စံချိန်စံညွှန်းများအား သတ်မှတ်ထိန်းသိမ်း ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံဆောင်ရွက် ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနှင့် ၂၀၁၄ ခုနှစ် အမျိုးသား ပညာရေးဥပဒေတို့မှ ကင်းလွတ်နေသော ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင် သင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်း၊ IT၊ Business၊ Leadership အစရှိသည့် သင်တန်း ကျောင်းများအား စနစ်တကျ စိစစ်ကြပ်မတ်ရန်၊ သင်ကြားရေးဆိုင်ရာ စံချိန်စံညွှန်းများအား သတ်မှတ် ထိန်းသိမ်းဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယခုအခါ မြန်မာနိုင်ငံအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သင်ကြားပေးနေကြတဲ့ အသက်မွေးမှုဆိုင်ရာ ပြင်ပပုဂ္ဂလိက ပညာရေး ကျောင်းများနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံအတွင်းမှာ MBA၊ LCCI၊ Computer၊ IT၊ Business၊ Hotel၊ Leadership စသည်ဖြင့် အသက်မွေးမှုဆိုင်ရာ ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းတွေ၊ သင်တန်းတွေ များစွာဖွင့်လှစ်သင်ကြားပေးနေသည်မှာ နှစ်ပေါင်းကြာမြင့် လာခဲ့ပြီ ဖြစ်ပါတယ်။ အချို့သော ကျောင်းများဟာ နိုင်ငံခြားတိုင်းပြည်များနှင့် ချိတ်ဆက်ပြီး ပြည်ပ နိုင်ငံများ၏ အကူအညီနဲ့ ဖွင့်လှစ်ခြင်း၊ အုပ်ချုပ်မှုအဖွဲ့ဝင်များထဲတွင် နိုင်ငံခြားသားအချို့ ပါရှိနေခြင်း၊ သင်ကြားပို့ချပေးသော ဆရာများတွင် သင်ကြားရေးအတွက် သတ်မှတ်အရည်အချင်းများနှင့် မပြည့်စုံ သူများ ပါဝင်နေကြခြင်းကို တွေ့ရှိနေရပါတယ်။ ဒါ့အပြင် တချို့သော ပုဂ္ဂလိက ပညာရေးကျောင်းများတွင် သင်ကြားပို့ချပေးနေတဲ့ သင်ရိုးညွှန်းတမ်းများဟာ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ထား ရှိမှုနဲ့ အာမခံချက်များဟာလည်း များစွာအားနည်းလာကြောင်း တွေ့မြင်နေရပါတယ်။ ဥပမာ တချို့သော သင်တန်းများဟာ Hotel လို နေရာမျိုးမှာ အခန်းငှားပြီးတော့ တစ်ဦးလျှင် သုံး၊ လေးသိန်းစီယူပြီးတော့ ၄၊ ၅ ရက်သာ သင်ကြားပေးပြီးတော့ သင်တန်းဆင်း အောင်လက်မှတ်တွေ ပေးအပ်နေခြင်း၊ မည်သည့် အာမခံချက်မှ မပါရှိခြင်းများကိုလည်း တွေ့မြင်၊ ကြားသိနေရပါတယ်။

သာဓကအားဖြင့် တင်ပြရရင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်မှ Principal EC Business and IT School ဆိုတဲ့ကျောင်းဟာ နိုင်ငံခြားတက္ကသိုလ်တစ်ခုမှ MBA ဘွဲ့လက်မှတ် ရရှိမယ်လို့လည်း မီဒီယာများမှာ ကြော်ငြာပြီးတော့ သင်တန်းသားများကို အခကြေးငွေများစွာယူ၍ သင်ကြားပေးပြီး တကယ်တမ်းမှာတော့ မိမိကျောင်းရဲ့ ဘွဲ့လက်မှတ်သာပေးမယ်လုပ်လို့ သင်တန်းသားများက ကျောင်း လခတွေ ပြန်တောင်းခံတယ်။ ရှေ့နေများရဲ့ ကြော်ငြာချက်များကို ပြီးခဲ့တဲ့ ဧပြီလက နိုင်ငံပိုင်သတင်းစာ များမှာ ဖတ်ရှုရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း ဥပဒေရဲ့ ပုဒ်မ ၇(က)မှာ ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုလျှင် (၁) ပြည်ပနိုင်ငံအကူအညီဖြင့် တည်ထောင် ဖွင့်လှစ်သော ကျောင်းမဖြစ်စေရ၊ (၂) နိုင်ငံခြားအဖွဲ့အစည်းမှ ဦးဆောင်ဖွင့်လှစ်သော သို့မဟုတ် ထိုအဖွဲ့အစည်း အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သော ကျောင်းမဖြစ်စေရ၊ ပုဒ်မ ၇(ခ)(၁) တစ်ဦးတည်း တည်ထောင်ဖွင့်လှစ်လိုခြင်းဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ရမည်၊ (၂) အဖွဲ့အစည်းက တည်ထောင် ဖွင့်လှစ်ခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အားလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်ဟု သတ်မှတ်ထားပါသည်။ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေမှာလည်း ပုဒ်မ ၂(ဈ)မှာ ဆရာဆို သည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်း များနှင့် ပြည့်စုံသည့် သင်ကြားပို့ချသူကိုဆိုသည်၊ (ဋ) ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ သင်ရိုး

ညွှန်းတမ်းကို အခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းပညာများဖြင့် စည်းရုံးသင်ကြားပေးသည့် ပညာရေးကို ဆိုလိုသည်၊ (ရ) အရည်အသွေးအာမခံမှုဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားမှု အစီအစဉ်များသည် အမျိုးသားပညာရေးကော်မရှင်က ချမှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမည့် အရည်အသွေးအဆင့် သတ်မှတ်ခြင်းနှင့် အာမခံခြင်းကို ဆိုသည်ဟု ပါရှိပါတယ်။ သို့ရာတွင် ယခုအခါ မြန်မာနိုင်ငံအတွင်းမှာ ဖွင့်လှစ်သင်ကြားနေတဲ့ အချို့သော ပုဂ္ဂလိက ပညာရေးကျောင်းတွေ၊ သင်တန်းတွေမှာ အထက်ဖော်ပြပါ ပညာရေးနှင့် သက်ဆိုင်တဲ့ ဥပဒေများနဲ့ ကိုက်ညီမှုမရှိဘဲနဲ့ ဖွင့်လှစ်သင်ကြားပို့ချပေးနေကြပြီး အောင်လက်မှတ်များ ပေးအပ်နေသည်ကို တွေ့ရှိရပါတယ်။ အထက်ပါ ကျောင်းများဟာ အဆိုပါ ပညာရေးဥပဒေများနဲ့ သီးခြားကင်းလွတ်နေပြီးတော့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရသာ မှတ်ပုံတင်၍ တည်ထောင်ဖွင့်လှစ်ထားခြင်းသာဖြစ်သဖြင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများလည်း ပြည့်ဝစွာ မရရှိတာကို တွေ့မြင်နေရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနဲ့ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေတို့မှ သီးခြားကင်းလွတ်နေသော LCCI ၊ Computer၊ IT၊ Business၊ Leadership အစရှိသည့် ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများအား စနစ်တကျ စိစစ်ကြပ်မတ်ရန် သင်ကြားရေးဆိုင်ရာ စံချိန်စံညွှန်းများအား သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများရရှိစေရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ရဲ့ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနှင့် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေတို့မှ ကင်းလွတ်နေသော ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်သင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်း၊ IT၊ Business၊ Leadership အစရှိသည့် သင်တန်းကျောင်းများအား စနစ်တကျ စိစစ်ကြပ်မတ်ရန်၊ သင်ကြားရေးဆိုင်ရာ စံချိန်စံညွှန်းများအား သတ်မှတ်ထိန်းသိမ်း

ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိနိုင်စေရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနဲ့ စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနရဲ့ ဖြေဆိုချက်နဲ့အတူ ပေါင်းစပ်ညှိနှိုင်းပြီး ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၅ ခုနှစ်နှင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေများကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ နည်းပညာနဲ့ အသက်မွေးဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေနဲ့ ပုဂ္ဂလိကကျောင်းဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် ယခုအခါမှာ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နည်းပညာနှင့် အသက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးဥပဒေနှင့် ပုဂ္ဂလိကကျောင်းဥပဒေများ ပြဋ္ဌာန်းပြီးပါက ပြင်ပပုဂ္ဂလိက ပညာရေးကျောင်းများဖြစ်သည့် စာရင်းကိုင်သင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်း၊ IT၊ Business၊ Leadership အစရှိသည့် သင်တန်းကျောင်းများအနေဖြင့် နည်းပညာနှင့်အသက်မွေးဆိုင်ရာ သင်တန်းများအဖြစ် မှတ်ပုံတင်မည်ဆိုပါက နည်းပညာနှင့်အသက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးဥပဒေအရလည်းကောင်း၊ ပုဂ္ဂလိကကျောင်းအဖြစ် မှတ်ပုံတင်မည်ဆိုပါက ပုဂ္ဂလိကကျောင်းဥပဒေအရလည်းကောင်း မှတ်ပုံတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ထိုအခါမှာ အဆိုပါ ဥပဒေများအရ မှတ်ပုံတင်ခြင်းကနေ ကင်းလွတ်မယ့်ကျောင်း ရှိနိုင်မည်မဟုတ်ပါကြောင်းနဲ့ လတ်တလောအခြေအနေမှာ အဆိုပါ သင်တန်းကျောင်းများအပေါ်မှာ ပညာရေးဝန်ကြီးဌာနက စိစစ်ကြပ်မတ် စီမံဆောင်ရွက်ပေးရခြင်းများ မရှိပါကြောင်း ပညာရေးဝန်ကြီးဌာနက ဖြေကြားထားပါတယ်။

နိုင်ငံတော်အတွက် ထိုက်သင့်တဲ့ အခွန်အခများ ရရှိနိုင်စေဖို့ စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ ပတ်သက်ပြီးတော့ ဒီ ပြင်ပ ပုဂ္ဂလိကပညာရေးကျောင်းများဖြစ်တဲ့ စာရင်းကိုင်ပညာသင်တန်းကျောင်း၊ ကွန်ပျူတာသင်တန်းကျောင်းများရဲ့ ပညာရေးဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားဟာ ၂၀၁၈ ခုနှစ် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဃ)အရ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်တဲ့ ဝန်ဆောင်မှု(၃၀)မျိုးထဲမှာ အမှတ်စဉ်(၅)မှာ အကျုံးဝင်လျက်ရှိတဲ့အတွက်ကြောင့် ကုန်သွယ်လုပ်ငန်းခွန်အားဖြင့်တော့ ကျသင့်မှာမဟုတ်ပါဘူး။ ဝင်ငွေခွန်အနေဖြင့်ကတော့ တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါက ၂၀၁၈ ခုနှစ် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားတဲ့ သက်သာခွင့်များကို ခုနှိမ်ပြီးတဲ့နောက် ကျန်တဲ့ဝင်ငွေအပေါ်မှာ (၀)ရာခိုင်နှုန်းကနေပြီးတော့ (၂၅)ရာခိုင်နှုန်းအထိ ဝင်ငွေခွန် ကျသင့်မှာဖြစ်ပါတယ်။ ဒါ Individual Income Tax ပေါ့။ ကုမ္ပဏီတည်ထောင်ပြီးတော့မှ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက စုစုပေါင်း အသားတင်အမြတ် ဝင်ငွေအပေါ်မှာ (၂၅)ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်မှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ Corporate Income Tax ပါ။ အဆိုပါကျောင်းများ တည်ထောင်ခြင်းအတွက် အခွန်လွတ်ကင်းမှု မရှိစေဖို့အတွက် စည်ပင်သာယာရေးအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့က စာရင်းများကို ရယူပြီးတော့မှ အခွန်စည်းကြပ်မှု ဆောင်ရွက်ခြင်းနှင့်တစ်ဖက်ကလည်း ကွင်းဆင်းစစ်ဆေးပြီးတော့ အခွန်စည်းကြပ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ၉-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၁ - ၆ -၂၀၁၈ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသည့် တောင်သူ လယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင် သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၇)ဦး အမည်စာရင်း တင်သွင်း

ထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များကို ကြိုတင်ပြီးတော့ အသိပေးလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်က ဥပဒေပြုတဲ့အာဏာကို ကျင့်သုံးပါတယ်။ ဒါတော့ အားလုံးအသိဖြစ်ပါတယ်။ ဥပဒေဆိုတာက တိကျရမယ်၊ ကျစ်လျစ်ရမယ်။ ဒါ အဓိက ဥပဒေရဲ့ အသက်ပါ။ အဲဒီတော့ ဒီဥပဒေကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ ကိုယ်ဆွေးနွေးမယ့် ပုဒ်မ အပေါ်မှာ ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ သတ်မှတ်တဲ့ အချိန်အတွင်း ဆွေးနွေးပေးကြပါ။ ဆွေးနွေးတဲ့အခါမှာ ဖွဲ့နွဲ့ပြောဆိုတာတို့ တစ်စုံတစ်ယောက်၊ အဖွဲ့တစ်ခုကို ထိခိုက်ဆွေးနွေးတာမျိုး မပြုလုပ်ဖို့ ကြိုတင်အသိပေးပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးဖို့ Power Point အသုံးပြုခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ဥပဒေရဲ့ အခန်း ၂ ရည်ရွယ်ချက် ပုဒ်မ ၃ ကို အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ ပုဒ်မခွဲ(က)ကို (ခ)အဖြစ်ထားပြီးတော့မှ (က)အနေနဲ့ တောင်သူလယ်သမားတို့၏ မြေအသုံးပြုခွင့် ခိုင်မာရေးနှင့် အကျိုးစီးပွားတိုးတက်ရေးတို့အတွက် စီမံဆောင်ရွက်ရန်ဆိုတာနဲ့ ပြည်သူ့လွှတ်တော်က ပုဒ်မခွဲ(စ)အဖြစ် အတည်ပြုခဲ့တဲ့နောက်မှာ ပုဒ်မခွဲ(ဆ)အဖြစ် လယ်ယာမြေသိမ်းဆည်းခြင်းနှင့် မြေခွဲဝေချထားခြင်းတို့ကြောင့် လက်ရှိလုပ်ကိုင်နေသူ တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး ကူညီဆောင်ရွက်ပေးရန်တို့ကို ဖြည့်စွက်ချင်ပါတယ်။ အလုပ်သမား လူတန်းစားဘဝ တိုးတက်ရေးအတွက် အလုပ်ခွင်တည်မြဲပိုင်ခွင့်မှာ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သလို တောင်သူလယ်သမားများအတွက် လယ်ယာမြေကို အသုံးပြုခွင့် ခိုင်မာရေးဟာလည်း ပဓာနကျတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုချက်မှာ မြေသိမ်းဆည်းခြင်းကိုသာ ဖော်ပြထားပြီး သဘာဝဘေးအန္တရာယ်နှင့် စစ်ဘေးရှောင်တို့လို တောင်သူများရဲ့ လယ်ယာမြေများ လစ်လပ်နေခြင်းအပေါ် ဥပဒေတစ်ရပ်အရ ခွဲဝေချထားပေးနိုင်မယ်ဆိုရင် မူလလုပ်ကိုင်သူတွေရဲ့ မြေများ လက်လွတ်ဆုံးရှုံးရခြင်းမှ ကာကွယ်ပေးရန် လိုအပ်တဲ့အတွက် အခုလို ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ ပထမအကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ကို Power Point မှာ ဖော်ပြတဲ့အတိုင်း ပြင်ဆင်လိုပါတယ်။ ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)အရ ဦးဆောင်အဖွဲ့က တည်ဆဲဥပဒေနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ အစည်းအရုံးများ ဖွဲ့စည်းနိုင်ဖို့ ညှိနှိုင်းကူညီရမှာဖြစ်လို့ ဦးဆောင်အဖွဲ့ရဲ့ ကြိုးပမ်းမှုကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုလုံးမှ အလှည့်ကျ ကိုယ်စားလှယ်များကို နည်းဥပဒေအရ ဖွဲ့စည်းတာဝန်ပေးခြင်းဖြင့် ပြင်ပကျွမ်းကျင်ပညာရှင်များနဲ့ သင့်လျော်တဲ့ပုဂ္ဂိုလ်များ ထည့်သွင်းဖွဲ့စည်းနိုင်မှာ ဖြစ်ပါတယ်။ ဥပဒေ ပုဒ်မ ၇ ကို ပုဒ်မ ၇ အပိုဒ်ခွဲ(က)နဲ့ (ခ)အဖြစ် အစားထိုးပြဋ္ဌာန်းလိုပါတယ်။

အချိန်ကိုငဲ့ကွက်ပြီး Power Point နဲ့ပဲ ဖော်ပြပါရစေ။ လူဦးရေ ရာခိုင်နှုန်းအများဆုံးဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရာမှာ ဗဟိုဦးဆောင်အဖွဲ့တစ်ဖွဲ့ထဲနဲ့ဆိုရင် အခက်အခဲများစွာ ရှိပါလိမ့်မယ်။ လယ်ယာမြေဥပဒေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့မှာလည်း ဗဟိုတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အဖွဲ့အစည်းများနှင့် လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းခြင်းရှိပါတယ်။ မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အစီအမံများကို ရေးဆွဲဆောင်ရွက်ကြမှသာ မတူညီတဲ့ သဘောသဘာဝ ရိုးရာအစဉ်အလာအတိုင်း လယ်သမားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ အကျိုးစီးပွားမြှင့်တင်ခြင်းတို့ဟာ ပီပြင်လာမှာ ဖြစ်ပါတယ်။ ပုဒ်မ ၈ မှာ ပုဒ်မခွဲ(စ)အဖြစ် အောက်ပါပြဋ္ဌာန်းချက်ကို ဖြည့်စွက်လိုပါတယ်။ တိုင်းရင်းသားတောင်သူလယ်သမားများ၏ ရိုးရာမြေအသုံးချမှု အခွင့်အရေး၊ ကြေးတိုင်ပြင်ကွင်းမှာ မိရိုးဖလာ ဓားမဦးချ စိုက်ပျိုးနေပေမယ့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) မရတဲ့ တောင်သူလယ်သမားများရဲ့ အခွင့်အရေးကို ကာကွယ်နိုင်ဖို့ ဦးဆောင်တဲ့အဖွဲ့က ဒီ ပုဒ်မအရ ညှိနှိုင်းဆောင်ရွက်ပေးဖို့လိုပါမယ်။

ဒါမှသာ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ လုပ်ကိုင်ကြတဲ့ မြေများအနက် လယ်ယာမြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၊ သစ်တောစတဲ့ တည်ဆဲဥပဒေများအရ မြေအမျိုးအစား၊ အတန်းအစားများ အမယ်စုံပါဝင်နေတဲ့ အခြေအနေမှာ တည်ဆဲဥပဒေများနှင့်လည်း မဆန့်ကျင်စေဘဲ တိုင်းရင်းသား တောင်သူလယ်သမားတို့အနေနဲ့ မြေအသုံးပြုမှုအခွင့်အရေး မှန်မှန်ကန်ကန် ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြင်ဆင်ချက်ဥပဒေ မူကြမ်းရဲ့ ပုဒ်မ ၁၇ ပါ မူလ ဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၂၇ ကို အစားထိုးရန် တင်ပြချက်အစား ထိုပုဒ်မ ၂၇ ကို အောက်ပါအတိုင်း ထပ်မံပြင်ဆင် ပြဋ္ဌာန်းလိုပါတယ်။ ပုဒ်မ ၂၇ မည်သူမဆို တောင်သူလယ်သမားများအား တည်ဆဲဥပဒေ တစ်ရပ်ရပ် ထုတ်ချေးသော ချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲပိုင်ခွင့်ကို နည်းလမ်းတစ်ရပ်ရပ်ဖြင့် အပ်နှင်းခြင်းခံရသည့်တွင် အဆိုပါ ထုတ်ချေးသော ချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များကို ခိုးယူမှု သို့မဟုတ် လိမ်လည်မှု သို့မဟုတ် အလွဲသုံးစားမှုပြုသည်ဖြစ်စေ ယင်းချေးငွေ အကူအညီ အထောက်အပံ့တို့နှင့် ပတ်သက်သည့် စီမံခန့်ခွဲပိုင်ခွင့်ကို အလွဲသုံးစားမှုပြုသည်ဖြစ်စေ ထိုသူကို အနည်းဆုံး(၂)နှစ်မှ အများဆုံး (၁၀)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ဒီ ချေးငွေ အကူအညီအထောက်အပံ့တို့ဟာ တောင်သူလယ်သမားတို့ရဲ့ ဘဝရပ်တည်ချက်နဲ့ သက်ဆိုင်တဲ့ ပစ္စည်းများဖြစ်ပါတယ်။ ဥပဒေကြမ်းမှ မရိုးဖြောင့်သောဆိုတဲ့ စကားရပ်ဟာ ကျယ်ဝန်းလှပါတယ်။ ၎င်းတို့နဲ့ ပတ်သက်တဲ့ ပြစ်မှုကို ထိရောက်စွာ အရေးယူရန် လိုအပ်ပါတယ်။ ဒီကိစ္စနှင့် အလားတူတဲ့ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေရဲ့ ပုဒ်မ ၃ မှာ မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု သို့တည်းမဟုတ် လိမ်လည်မှု ကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဖြစ်စေ၊ (၁၀)နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်လို့ ပြဋ္ဌာန်းသတ်မှတ်ထားတာကို နမူနာယူပြီး ယခုလို ပြင်ဆင်ပြဋ္ဌာန်းလိုခြင်း ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့လို စစ်ရှောင်များ ပေါများတဲ့ဒေသတွေမှာ အခုဆိုရင် မြေယာအများအပြား ဆုံးရှုံးနေကြပြီး တရားမဝင်ရော၊ တရားဝင်ပါ Tissue ငှက်ပျော စိုက်ခင်းများကြောင့် မြေဧကထောင်ချီ၊ သောင်းချီတို့ဟာ နေ့ချင်း၊ ညချင်းလုပ်ပိုင်ခွင့်ရှိသူတွေ လက်ထဲမှာ စတေးခံနေရဆဲမို့ ပိုမိုထိရောက်ပြီး ဒေသခံမူလလက်ငုတ်ပိုင်ရှင်များ အကျိုးရှိမယ့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အမှန်တကယ် ပြဋ္ဌာန်းပေးနိုင်ရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

လုပ်ပိုင်ခွင့်ထက်(ဧက)များစွာ ကျူးကျော်လုပ်ကိုင်ထားသော ကချင်ပြည်နယ်မှ (Tissue) ငှက်ပျောစိုက်ခင်းများ မြင်ကွင်းပုံ (ဟ)




**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးကြည်ဝင်း ဖြစ်ပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို ကျွန်တော့်အနေနဲ့ ဆွေးနွေးမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေမှာ ဥပဒေရဲ့ အခန်း ၂ ဥပဒေရဲ့ ရည်ရွယ်ချက်ထဲမှာ (က) ကနေ (င) အထိတော့ ထည့်ထားတယ်။ အဲဒီအချက် (၅) ချက်ထဲမှာ ပြည်သူ့လွှတ်တော်က (စ)အဖြစ် ထပ်ထည့်ထားတာ။ ထောက်ခံပါတယ်။ သဘောလည်းကျပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့က (စ)အပြင် (ဆ)အဖြစ် ထပ်ထည့်ချင်တာက တောင်သူလယ်သမား အိမ်ထောင်မိသားစု တစ်ခုလျှင် လုပ်ကွက်ငယ် တစ်တုံးထွန် မိသားစုတွင် အရွယ်ရောက်ပြီးသူ

လေးယောက်ထက် ပိုမိုခဲ့လျှင် ဝေငှပေးရမယ်ဆိုတာကို ထပ်ထည့်ပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို တင်ပြတဲ့အကြောင်းကတော့ ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေး ရပြီးကာစက လယ်ယာမြေနိုင်ငံပိုင် ဥပဒေပြဋ္ဌာန်းထားပါတယ်။ အရင်တုန်းက မြေရှင်တွေ၊ ချစ်တီးတွေ ကြောင့် လယ်တွေသိမ်းခံရလို့ ၁၉၅၃ ခုနှစ်မှာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ အခန်း (၄) ပုဒ်မ ၇ မှာ လယ်ယာမြေတွေ ဝေငှတာပါ ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု ဒီကနေ့ ကျွန်တော်တို့ ဖြတ်သန်းတဲ့အတွေ့အကြုံတွေ ပြောရင်လည်းပဲ အချိန်လည်းမရှိဘူး။ အဲဒီတော့ ဒီအတွေ့အကြုံတွေအရ လယ်တွေကို အခုပြန်ရအောင် လုပ်နေရတာ၊ ဒါတွေနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ယခု ဥပဒေကြမ်းရဲ့ ပုဒ်မ ၃ မှာ ပုဒ်မခွဲ (ဆ)အဖြစ် ထပ်ထည့်တာကို ထည့်ပေးဖို့ ကျွန်တော့်အနေနဲ့ အခြေအနေတွေအရ တိုင်းပြည်ရဲ့ အခြေအနေတွေအရ လိုအပ်တာကို တင်ပြတာပါ။ နောက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ အပိုဒ် ၁၇ ကနေ ၂၀ အထိ လယ်မဲ့၊ ယာမဲ့ ကိစ္စတွေကို ကျွန်တော်တို့ ပြဋ္ဌာန်းထားပေမယ့် ဝန်ကြီးဌာနရဲ့ အမိန့်ဖြစ်နေတာကြောင့် နည်းဥပဒေ ဖြစ်တဲ့အတွက် Binding Force မရှိဘူး။ ဒါကြောင့်မို့လို့ မူလဥပဒေမှာ ထည့်ပြီးပြဋ္ဌာန်းပေးဖို့ လျှောက်ထားတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တင်ပြမှာက တောင်သူလယ်သမားအသင်းအဖွဲ့ ဖွဲ့စည်းရေး ကိစ္စကို ပြောပါမယ်။ အခုဆွေးနွေးမယ့်ကိစ္စမှာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် အခန်း(၄)၊ ပုဒ်မ ၈၊ (င)မှာ တည်ဆဲဥပဒေနှင့်အညီ တောင်သူ လယ်သမား အစည်းအရုံး တွေဖွဲ့ဖို့ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ အကောင်အထည်ဖော်တာ မတွေ့ရဘူး။ ၂၀၁၂ ခုနှစ် ကစပြီးတော့ ဒီနေ့အထိ၊ ၂၀၁၈ ခုနှစ်အထိ တောင်သူလယ်သမား အဖွဲ့အစည်း ရယ်လို့ ခိုင်ခိုင်မာမာ ရပ်တည်တာကို မတွေ့ရဘူး။ လယ်သမားအကျိုးကို ဆောင်ရွက်ပေးတဲ့ လယ်သမား အဖွဲ့အစည်းတွေလည်း ဟုတ်တိပတ်တိ မတွေ့ရဘူး။ ဘာကြောင့်လဲဆိုရင် တောင်သူလယ်သမားနှင့် သက်ဆိုင်တဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာကိုက ထည့်သွင်းရေးဆွဲထားတာ မရှိဘူး။ ဒါပေမဲ့ နည်းဥပဒေအခန်း (၁၃)အထွေထွေပုဒ်မ ၁၁၃ ကျတော့မှ တောင်သူလယ်သမား အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ အကောင်အထည်မဖော်ဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်တဲ့အထဲမှာ ပုဒ်မ ၈၊ ပုဒ်မ ၈ အရ တည်ဆဲဥပဒေအရ ဆိုသော်လည်းပဲ တည်ဆဲဥပဒေမှာက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေဥပဒေကို ဖျက်သိမ်းလိုက်တယ်။ အဲဒီ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေဥပဒေမှာက တောင်သူလယ်သမားအဖွဲ့ ဖွဲ့ဖို့ကို သမ္မတ ကနေ ညွှန်ကြားချက်ထုတ်ထားတာရှိတယ်။ ယခု တည်ဆဲဥပဒေမှာ ဘာရှိသလဲဆိုရင် အလုပ်သမားအဖွဲ့အစည်း ဥပဒေပဲရှိတယ်။ ဒီအလုပ်သမားအဖွဲ့အစည်းဥပဒေမှာက လယ်သမား ဆိုတာကို အဓိပ္ပာယ်ဖွင့်ထားတာ မရှိဘူး။ အလုပ်သမားကိုပဲ ဖွင့်ထားတာ။ ဒါကြောင့်မို့လို့ ဒီ အလုပ်သမား အဖွဲ့အစည်း ဥပဒေနဲ့လည်း အကျုံးမဝင်ဘူး။ ဒါကြောင့် ၂၀၁၂ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း မပါတဲ့အတွက် ဒါကြောင့် ယခု ဥပဒေပုဒ်မ ၈၊ ပုဒ်မ (င)ရဲ့ နောက်မှာ လယ်သမားအဖွဲ့အစည်းအတွက်ကို ၁၉၅၃ ခုနှစ်က လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ အခန်း(၇)ကဲ့သို့ပဲ ကျွန်တော့်အနေနဲ့ နှိုင်းယှဉ်ပြီး တင်ပြတာပါ။ ပုဒ်မ ၁၃ မှာ အရင်တုန်းက

နိုင်ငံတော်သမ္မတသည် ဥပဒေအရ တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် အသီးသီးဖွဲ့စည်းရန် လိုအပ်သည်ဟု ထင်မြင် သည့် တောင်သူလယ်သမား အဖွဲ့အစည်းများနှင့် အုပ်ချုပ်ခြင်းကိစ္စများအတွက် နည်းဥပဒေပြဋ္ဌာန်း သည်ဟု၊ အဲဒီဟာကို ကျွန်တော်တို့ ယခု ဒီဥပဒေပုဒ်မ ၈ ရဲ့ (င)နောက်မှာထည့်ဖို့ လျှောက်ထားပါတယ်။ ပြဋ္ဌာန်းထားတဲ့အလိုက် ဥပဒေကြမ်းမှာ သီးခြားအခန်း(၄)သတ်မှတ်ပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးဥပဒေပုဒ်မ ၄၊ အခန်း(၅)အဖြစ် နောက်ထပ်အခန်းကို ဖြည့်စွက်ပြီးတော့ ပြောင်းလဲပြင်ဆင် ပေးဖို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။**　　။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။**　　။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ ဒီဥပဒေဟာ ဆိုရင် ကျွန်တော်တို့ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ၊ မြေသိမ်းဥပဒေ၊ ဥပဒေများနှင့် ကျွန်တော်တို့ ဆက်စပ်ပြီးတော့ မြေယာကို အကြောင်းပြုပြီးတော့ စားဝတ်နေရေး ဆောက်တည်နေကြတဲ့ တောင်သူလယ်သမားများနှင့် တိုက်ရိုက်ဆက်စပ်နေတဲ့ အကြောင်းအားလုံးလည်း သိရှိပြီးဖြစ်ပါလိမ့်မယ်။ သို့ပါ၍ ဥပဒေများ ချိတ်ဆက်မိဖို့လည်း လိုအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေကတော့ ယခု တောင်သူလယ် သမား အခွင့်အရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)ကို ကျွန်တော့်အနေနဲ့ပြင်လိုပါတယ်။ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်း နှစ်ရပ်လုံးတို့၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိ ကိုယ်တိုင်အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ ဆိုတဲ့နေရာမှာ လုပ်ကိုင်လျက် ရှိသူလို့ ကျွန်တော့်အနေနဲ့ ပြင်ချင် ပါတယ်။ နောက်တစ်ခု ပုဒ်မ ၄၊ ပထမအကြိမ် ကျွန်တော်တို့ ပြင်ဆင်ခဲ့တဲ့ အခန်းကဏ္ဍရှိပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ ပုဒ်မ ၄(ဃ)အနေနဲ့ ကျွန်တော့်အနေနဲ့ ထပ်မံပြီးဖြည့်စွက် လိုပါတယ်။ (က)၊(ခ)(ဂ)ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ (ဃ)အနေနဲ့ ထပ်မံဖြည့်စွက်လိုပါတယ်။

ပြည်သူ့လွှတ်တော်မှာလည်း ပါ ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ကတော့ အဲဒီ ပုဒ်မကို ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၄(က)၊(ခ)(ဂ)အရ ဖွဲ့စည်းထားသော ဦးဆောင်အဖွဲ့ကို လိုအပ်ပါက ဖြည့်ဆည်း ပြင်ဆင်ဖွဲ့စည်းနိုင်သည်လို့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ ထည့်လိုပါတယ်။ နောက် ပုဒ်မတစ်ခုကတော့ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)ကို ပြင်ချင်ပါတယ်။ ကျွန်တော်တို့ မူလဥပဒေမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ကျေးလက်နေ တောင်သူလယ်သမားများ မိမိနှင့် သက်ဆိုင်တဲ့ ဥပဒေတွေ ဘယ်လိုပြဋ္ဌာန်းထားလဲဆိုတာ ကျွန်တော်တို့ မသိရှိနိုင်ကြပါဘူး။ ဦးဆောင်အဖွဲ့ ယခု ဥပဒေအရ မည်ကဲ့သို့သော ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းထားသလဲ ပိုပြီးမသိရှိပါဘူး။ ဒါကြောင့် ဥပမာတစ်ခု

ပြောရရင် ကျွန်တော်တို့ ဒါနှင့်ချိတ်ဆက်နေတဲ့ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဆိုတာကလည်း ဒါနှင့်ချိတ်ဆက်နေတဲ့အခါမှာ ဥပမာတစ်ခု ကျွန်တော်တို့ ခရိုင်ချင်းဆက်တဲ့ အရေးကြီးကုန်စည်ထဲမှာ ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားများခိုင်းတဲ့ ခိုင်းနွားတွေကို ထည့်ထားပါတယ်။

ထည့်ထားတဲ့အခါမှာ ကျွန်တော်တို့ ဥပမာတစ်ခု ခရိုင်တစ်ခုနှင့်တစ်ခု ကျွန်တော်တို့ ဆက်မယ်ဆိုရင် အဲဒီမှာ ခရိုင်ကျော်ဆိုလည်း ဖမ်းပါတယ်။ နောက်ပြီးတော့ မြို့နယ်ကျော်ဆိုရင်လည်း ဖမ်းဆီးပါတယ်။ ကိုယ့်ပစ္စည်းတွေကို ကိုယ့်ရဲ့နွားလေးတွေကို တင်ပို့တာတောင် ဖမ်းဆီးတဲ့အတွက် အဲဒီပုဒ်မ ၅၊ ပုဒ်မခွဲ (က)ကိုလည်း ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုပါတယ်။ တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေများအတွင်း လွတ်လပ်စွာ ထုတ်လုပ်၊ သိုလှောင်၊ သယ်ယူ၊ ရောင်းချရန်နှင့် ပြည်ပဈေးကွက်သို့ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထုတ်လုပ်၊ သိုလှောင်၊ သယ်ယူ၊ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းဟုလို့ ကျွန်တော့်အနေနဲ့ ပြင်ချင်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၄၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)၊ တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့် မြေယာများနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းဆိုတဲ့စာသားကို ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ဈေးနှုန်းမှန်ကန်စွာ ဆိုတာလေးထည့်ချင်ပါတယ်။ ရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်းလို့ ကျွန်တော့်အနေနဲ့ ပုဒ်မ ၉၊ (ခ)ကို၊ ပုဒ်မခွဲငယ် (ခ)ကို ပြင်ချင်ပါတယ်။ နောက်တစ်ခုကတော့ ပုဒ်မ ၁၆၊ (ခ) မှာ ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေပြု ပြင်ဆင်ချက်မှာ အစိုးရသတ်မှတ်ခွင့်ပြုသည့် ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်ဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် ချေးငွေများထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဆိုတဲ့ အပိုဒ်မှာ နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် ချေးငွေရဲ့ကြားထဲမှာ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေနှင့်ပတ်သက်ပြီးတော့ အခန်း(၃) တစ်ခုတည်းကိုပဲ အကြံပြု ဆွေးနွေးသွားမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို ၂၀၁၃ ခုနှစ်က အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက်မှာ ဒီဥပဒေဟာ အသက်ဝင်မှု အင်မတန်အားနည်းတဲ့ ဥပဒေတစ်ရပ်လို့ ပြောဆိုရမှာပါ။ ဒီလိုအားနည်းရတဲ့ အကြောင်းတရားကလည်း အခန်း(၃)မှာပါတဲ့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ လိုအပ်ချက်တွေ ရှိနေလို့ပါ။ ဒီဦးဆောင်အဖွဲ့ဟာ ကျွန်တော်တို့ ကြားသိရသလောက်တော့ အစည်းအဝေးကို တစ်နှစ်မှာ တစ်ကြိမ်လောက်ပဲ ကျင်းပတယ်လို့ ကြားသိရပါတယ်။ တစ်နှစ်မှာ တစ်ကြိမ်လောက်ပဲ ကျင်းပတဲ့ ဦးဆောင်အဖွဲ့ရဲ့ လုပ်ငန်းဆောင်တာတွေ၊ ဆုံးဖြတ်ချက်တွေ၊ ညွှန်ကြားချက်တွေက ဘာတွေများ ဖြစ်လာမလဲလို့ မေးခွန်းထုတ်စရာ ရှိနေပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ပုဒ်မ ၇ ကို ပြင်ဆင်ချင်ပါတယ်။ ပုဒ်မ ၇ မှာ နိဒါန်းက ဒီလို ပြင်ဆင်ချင်ပါတယ်။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (က) ဦးဆောင်အဖွဲ့၏ အစည်းအဝေး ကို (၄)လ တစ်ကြိမ်ကျင်းပရမယ်လို့ ကျွန်တော်ပြင်ဆင်ချင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော် တို့မှာ အလုပ်သမားဝန်ကြီးဌာနဆိုတာ ရှိပါတယ်။ အလုပ်သမားဦးစီးဌာနဆိုတာလည်း ရှိပါတယ်။ ဒါပေမယ့်လို့ တောင်သူလယ်သမားနဲ့ပတ်သက်လို့ ဦးစီးဌာနဆိုတာ မရှိပါဘူး။ တကယ့်မြေပြင်မှာ တောင်သူလယ်သမားတွေ ပြဿနာဖြစ်တယ်။ အခက်အခဲဖြစ်တယ်ဆိုလို့ရှိရင် တောင်သူလယ်သမား အရေးကို သီးသန့်ကိုင်တွယ်ဖြေရှင်းမယ့် အဖွဲ့အစည်းဆိုတာ ကျွန်တော်တို့မှာ မရှိပါဘူး။ အခု ဦးဆောင်အဖွဲ့က တာဝန်တစ်ခုခု၊ လုပ်ငန်းတစ်ခုခုကို ဆုံးဖြတ်မယ်ဆိုလို့ရှိရင် မြေကြီးနှင့် အင်မတန် ဝေးပါသေးတယ်။ တောင်သူလယ်သမားနှင့်ဝေးကွာတဲ့ မြေကြီးနှင့် ဝေးကွာတဲ့ အဖွဲ့အစည်းဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချဖို့အတွက် လိုအပ်ချက်တွေ ရှိနေမှာအမှန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခန်း(၇) (ခ)မှာ ကျွန်တော်ဖြည့်စွက်ပြင်ဆင်ချင်တာက လိုအပ်သည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်နှင့်မြို့နယ်အဆင့် များတွင် အုပ်ချုပ်မှုအဖွဲ့အစည်းမှ သင့်လျော်သောပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံ ရှိသူများနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဆိုပြီးတော့ တောင်သူလယ်သမားတွေနှင့် ထိထိကပ်ကပ် နီးနီးစပ်စပ်ရှိတဲ့ အဖွဲ့အစည်းတွေ ပေါ်ပေါက်လာအောင် အကြံပြုတင်ပြရင်း ကျွန်တော် နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး ဖြစ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းပြီး နည်းဥပဒေက ၂၀၁၅ ခုနှစ်မှာ ထွက်ခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ နည်းဥပဒေက အသက်ဝင်မှုမရှိခဲ့လို့ ကျွန်မတို့ရဲ့ တောင်သူတွေဟာ ဥပဒေရဲ့ အကာအကွယ် မရခဲ့သလို အကျိုးမဖြစ်ခဲ့ပါဘူး။ ကျွန်မတို့နိုင်ငံက စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပါလျက်နဲ့ စိုက်ပျိုးမွေးမြူတဲ့ တောင်သူတွေအတွက် နည်းပညာဈေးကွက်လိုအပ်ချက်တွေ၊ ပံ့ပိုးမှုတွေ ပြည့်ပြည့်ဝဝ မလုပ်ပေးနိုင်ခဲ့ သလို ရှုပ်ထွေးတဲ့ မြေယာပြဿနာတွေနဲ့ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူတွေက နိမ့်ကျ ဆင်းရဲနေပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဟာလည်း (၉၀) ရာခိုင်နှုန်းကျော်ဟာ စိုက်ပျိုးတောင်သူ တွေဖြစ်ပြီး ကရင်ပြည်နယ်မှာ GDP အနိမ့်ဆုံးမြို့နယ်တစ်ခု ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တောင်သူတွေရဲ့ အခွင့်အရေးအတွက် အဓိကထားပြီး ဒီဥပဒေကို ဆွေးနွေးချင်ပါတယ်။

Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ပထမဆုံးအနေနဲ့ ပြင်ဆင်ထားတဲ့ အခန်း (၂) အပိုဒ် ၃ ရည်ရွယ်ချက်မှာ အပိုဒ်ခွဲ (က)ကနေ(စ)အထိ ရှိပါတယ်။ ထပ်တိုးအပိုဒ်ခွဲ အဖြစ် Slide မှာပါတဲ့အတိုင်း ဖြည့်စွက်ပြီး အပိုဒ်ခွဲ (က)အဖြစ် ထိပ်ဆုံးမှာ ထားချင်ပါတယ်။ ကျိုးကြောင်းပြ အနေနဲ့တောင်သူတွေဟာ မြေမရှိရင် စိုက်ပျိုးလို့မရသလို မွေးမြူလို့မရပါဘူး။ မြေသိမ်းဆည်းမှုတွေ ကနေ ကာကွယ်သင့်သလို မြေအသုံးချခွင့် ခိုင်ခိုင်မာမာပြသင့်ပါတယ်။ ဥပမာ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ စိုက်ပျိုးမြေ (၂)သိန်းကျော်ရှိပေမယ့် အများစုဟာ ကြိုးဝိုင်း၊ ကြိုးပြင်နဲ့ သိမ်းဆည်းမြေအဖြစ် ရှိနေ ပါတယ်။ တချို့ကလည်း မြေရိုင်းအမည်ပေါက်ဖြစ်နေပါတယ်။ မြေယာလုပ်ကိုင်ခွင့်ကို အနည်းငယ်ပဲ ရထားပါတယ်။ အဲဒီအပြင် ဥပဒေတွေဟာ တောင်သူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးပြီး မြှင့်တင် ရမှာ ဖြစ်တဲ့အတွက် အဲဒီအချက်အပေါ် မှာ စီမံဆောင်ရွက်စရာတွေကို ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

ဥပမာအားဖြင့် တောင်သူတွေရဲ့အကျိုးစီးပွားဖြစ်တဲ့ သီးနှံ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန် မူပိုင်ခွင့်လုပ်ဆောင်ပေးခြင်း၊ မျိုးမြှင့်ဖို့အတွက် မျိုးထိန်း မျိုးမြှင့်ပေးဖို့အတွက် Seed Bank တွေထားခြင်း၊ AI Centre တွေဖွင့်လှစ်ပေးခြင်း၊ Research Centre တွေ ထားရှိ ပေးခြင်းတွေ စီမံဆောင်ရွက်ပေးဖို့လိုပါမယ်။ Good Agricultural Practices ပေးရမှာဖြစ်သလို ဈေးနှုန်း၊ ဈေးကွက်တွေ ရှာဖွေမြှင့်တင်ပြီး ချေးငွေတွေလည်း စီမံပေးဖို့ လိုအပ်ပါတယ်။ ဆက်လက်ပြီး အခန်း(၂)အပိုဒ် (၄) (က)၊ (ခ) ရဲ့ နောက်မှာ (ဂ) ကို Slide ပါအတိုင်း ဖြည့်စွက်ချင်ပါတယ်။ ကျိုးကြောင်းပြအနေနဲ့ အပိုဒ် (၈)၊ အပိုဒ်ခွဲ (ဂ)မှာ ဦးဆောင်အဖွဲ့ဟာ တည်ဆဲဥပဒေနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးတွေကို ဖွဲ့စည်းဆောင်ရွက်ခွင့်အတွက် ကူညီညှိနှိုင်းပေးရဖို့ ပါရှိပြီးဖြစ်ပါတယ်။

ဦးဆောင်အဖွဲ့မှာ တောင်သူလယ်သမားကိုယ်စားလှယ် ရဲ့ အသံမပါဘူးဆိုရင် လုပ်ငန်းရှင်တွေ လွှမ်းမိုးသွားနိုင်ပြီးတဲ့နောက် တောင်သူတွေရဲ့အခွင့်အရေးဆုံးပါးသွားနိုင်ပါတယ်။ အဲဒီအပြင် ပြင်ပက ကျွမ်းကျင်ပညာရှင်ရဲ့ အခန်းကဏ္ဍလည်း လိုအပ်တဲ့အတွက် အခြားသင့်လျော်သော ပုဂ္ဂိုလ်များကို ထည့်သွင်းရခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး အခန်း(၃) အပိုဒ် (၇)(က)မှာ Slide ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းချက်ထဲမှာ လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့် ဆိုတဲ့နေရာမှာ အပိုဒ်(၈)(င)အရ ဖွဲ့စည်းတည်ထောင်ထားပြီးတဲ့ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများမှ ကိုယ်စားလှယ်နှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့်လို့ ပြင်ဆင်ချင်ပါတယ်။ ကျိုးကြောင်းပြအနေနဲ့ ဦးဆောင်အဖွဲ့မှာလိုပဲ လုပ်ငန်းအကောင်အထည်ဖော်မယ့်အဖွဲ့မှာ တောင်သူလယ်သမားကိုယ်စားလှယ်နှင့် အခြားသင့်လျော်တဲ့ ပညာရှင်တွေ ပါဝင်စေလိုပါတယ်။

ဥပမာ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ ချဉ်ပေါင်ဖာလာကို အဓိက စိုက်ပျိုးထုတ်လုပ်တာ ဖြစ်ပါတယ်။ ချဉ်ပေါင်ဖာလာနှင့်ပတ်သက်လို့ အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် ကျွန်မရဲ့ မဲဆန္ဒနယ်က တောင်သူအခွင့်အရေးက အဓိက ကျပါတယ်။ ပြင်ပလုပ်ငန်းရှင်တွေက လွှမ်းမိုးသွားမယ်ဆိုရင် ကျွန်မရဲ့ တောင်သူတွေက ဆုံးရှုံးနစ်နာသွားမှာ ဖြစ်ပါတယ်။ အခန်း(၄) အပိုဒ် (၈) မှာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း အပိုဒ်ခွဲ (က)ကနေပြီးတော့ (င)အထိ ရှိပါတယ်။ Slide ပါအတိုင်း(စ)ကို ဖြည့်စွက်ချင်ပါတယ်။ ကျိုးကြောင်းပြအနေနဲ့ ဥပမာ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ ရိုးရာအရ ဓားမဦးချ လုပ်ကိုင်လာတဲ့ စိုက်ပျိုးမြေတွေဟာ လက်ရှိမှာ မြေအမျိုးအစား မျိုးစုံဖြစ်တဲ့ မြေရိုင်းနှင့် သစ်တောမြေတွေ ဖြစ်နေပါတယ်။ အဲဒီအတွက် မြေအသုံးချခွင့်ကို ကျွန်မရဲ့ တောင်သူ တွေက အပြည့်အဝရသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။**　။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးလိုတဲ့ ပထမအချက်က ပြည်သူ့လွှတ်တော်ရဲ့ ဆွေးနွေးအတည်ပြုချက်များနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ လုံးဝဆွေးနွေးထားခြင်းမရှိသေးတဲ့ မူလ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေရဲ့ အခန်း(၃) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဆိုတဲ့ ခေါင်းစဉ် ရဲ့ ပုဒ်မ ၅ မှာ ပုဒ်မခွဲ (ဋ)ရဲ့နောက်မှာ ပုဒ်မခွဲ (ဎ)အဖြစ်နဲ့ အဆိုပြုပြဋ္ဌာန်းချက်အသစ်တစ်ခု ထပ်မံဖြည့်စွက်ထားတဲ့အတွက် အဲဒီပုဒ်မ(ဎ)ရဲ့နောက်မှာ ပုဒ်မခွဲ (ဏ)အဖြစ် နဲ့ တောင်သူလယ်သမားသမဂ္ဂများ

အသင်းအဖွဲ့မျ
လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အလေးပေးဆောင်ရွက်ရန်ဆိုတဲ့ စကားရပ်ကို အသစ်ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးအပ်ပါတယ်။

ဒုတိယပြင်ဆင်လိုတဲ့ အချက်ကတော့ မူလဥပဒေရဲ့အခန်း(၄) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ခြင်းဆိုတဲ့ ခေါင်းစဉ်ရဲ့ ပုဒ်မ(၈)၊ ပုဒ်မခွဲ (င)ကိုတော့ မူရင်းစကားရပ်များအစား ဥပဒေနှင့်အညီ တောင်သူလယ်သမားသမဂ္ဂများ၊ အဖွဲ့အစည်းများနှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ဆိုသည့် စကားရပ်နှင့်အစားထိုးပြင်ဆင်လိုပါကြောင်း ဆွေးနွေးအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီနေ့ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့် နည်းဥပဒေ တွေမှာ တောင်သူလယ်သမား အသင်းအဖွဲ့တွေဖွဲ့စည်းနိုင်ရေး ဥပဒေမှာပေးထားသော်လည်းပဲ နည်းဥပဒေအရဆိုရင် ကျွန်တော်တို့တောင်သူလယ်သမားအသင်းအဖွဲ့တွေ လုံးဝဖွဲ့စည်းလို့မရ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားအသင်းအဖွဲ့တွေ ဖွဲ့စည်းပေါ်ပေါက်နိုင်ရေး အတွက် ကျွန်တော် အဲဒီရှုထောင့်က ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်စောစောတုန်းက ဆွေးနွေးတဲ့ ပုဒ်မ (၈)ကို အစားထိုးတာ ဖြစ်ပါတယ်။ ဒုတိယအပိုဒ်က အခန်း(၄)ရဲ့ မူလစကားရပ် အစား ကျွန်တော် ဒါ အစားထိုး ပြင်ဆင်ဖြည့်စွက်တာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေမှာ ပုဒ်မ (င)ဆိုတာ ကျွန်တော်တို့ ဥပဒေအရ ပေးထားတာပါ။ တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့် ဆိုပြီးတော့ ဥပဒေမှာ ပေးတယ်။ နည်းဥပဒေမှာ ကျတော့လည်း ဒီအတိုင်းတွေ့ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေတွေနဲ့ နည်းဥပဒေတွေကို ကြည့်တဲ့အခါမှာ တောင်သူလယ်သမားအသင်းအဖွဲ့ ဖွဲ့စည်းဖို့ ဆိုတဲ့ အချက်အလက်တွေကို တိတိကျကျ လုံးဝမတွေ့ရဘူး။

ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကို ဘယ်နှစ်ဦးနဲ့ဖွဲ့မယ်။ မြို့နယ်ကို ဘယ်နှစ်ဦးနဲ့ဖွဲ့မယ်။ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ဘယ်လိုဖွဲ့မယ်။ နောက် ပြည်နယ်တွေ၊ ဗဟိုတွေကို ဘယ်လိုဖွဲ့မယ်ဆိုတဲ့ ဖွဲ့စည်းပုံကို စနစ်တကျ နည်းဥပဒေမှာ ပေးထားတာ မတွေ့ရဘူးဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေတွေ၊ နည်းဥပဒေတွေအရဆိုရင် လုံးဝဖွဲ့စည်းမရဖြစ်ပါတယ်။ နမူနာအားဖြင့် အလုပ်သမားအဖွဲ့အစည်းဥပဒေကို ကျွန်တော် နမူနာပြခြင်းဖြစ်ပါတယ်။ ဒါဆိုရင် အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့မယ်ဆိုရင် နည်းဥပဒေမှာ ပေးထားတယ်။ အခြေခံအလုပ်သမားအဖွဲ့အစည်းကို အလုပ်သမားဦးရေ (၃၀)ဦးဖြင့် ဖွဲ့စည်းနိုင်တယ်။ ဒါ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကို ပြောတာ။ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ဆိုရင်လည်းပဲ မြို့နယ်အတွင်းရှိ အခြေခံအလုပ်သမားအဖွဲ့အစည်းစုစုပေါင်းရဲ့ (၁၀)ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်တယ်ဆိုပြီးတော့ အဆင့်ဆင့် ပေးထားပါတယ်။

တိုင်းဒေသကြီး ဖွဲ့စည်းပုံကိုပြတယ်။ နောက်ပြီးတော့ အလုပ်သမားအဖွဲ့ချုပ် ဖွဲ့စည်းပုံကိုလည်း ပြထားတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကိုလည်း ဘယ်လိုဖွဲ့ရတယ်ဆိုတာကို စနစ်တကျ နည်းဥပဒေမှာ ပြဋ္ဌာန်းပေးထားပါတယ်။ အခန်း(၃)က အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းပုံ စိစစ်ရေးဆွဲခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီအဖွဲ့ကို စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ဘယ်စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ဘယ်လို ဖွဲ့စည်းရတယ်ဆိုတာကို စည်းမျဉ်း၊ စည်းကမ်းပိုင်းကို ကျွန်တော်တို့ ပေးထားတာဖြစ်ပါတယ်။ ဒါကကျတော့ အဖွဲ့အစည်းဖွဲ့စည်းခြင်း အစောတုန်းက ပြီးသွားပြီ။ နောက်ပြီးတော့ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲခြင်း ပြီးသွားပြီ။ ဒါကတော့ နောက်ဆုံးအဆင့် ပေါ့လေ။ ပြောရရင် မှတ်ပုံတင်တဲ့အပိုင်း။ မှတ်ပုံတင်ရင် ဒီပုံဒီနည်းနဲ့တင်ရတယ်။ ဒါက ခွင့်ပြုချက် ရတယ်ဆိုရင် ဒီအဖွဲ့အစည်းတွေက တရားဝင် အဖွဲ့အစည်းဖြစ်သွားတယ်။ ဒါက အလုပ်သမားဥပဒေမှာ ဖွဲ့စည်းပုံနှင့် ပတ်သက်ပြီးတော့ စနစ်တကျ နည်းဥပဒေအပိုင်းမှာ ပေးထားတာ ဖြစ်ပါတယ်။

သမဝါယမ ဥပဒေကို ဆက်ပြီးတော့ ပြပါ။ ဒါ ကျွန်တော် နမူနာပြတာ ဖြစ်ပါတယ်။ ဒါကတော့ မှတ်ပုံတင်မယ်ဆိုလို့ရှိရင် အဖွဲ့အစည်းတွေကို ဘယ်လိုဖွဲ့စည်းရတယ် ဆိုပြီးတော့ ဒါပုံစံနှင့် တင်တာဖြစ်ပါတယ်။ သမဝါယမအသင်း နည်းဥပဒေဖြစ်ပါတယ်။ သမဝါယမ နည်းဥပဒေမှာ သမဝါယမ အသင်း အမျိုးအစားနှင့် စည်းကမ်းချက်များ၊ ဒါ စည်းကမ်းပိုင်းပါ။ သမဝါယမအသင်း ဘယ်နှစ်ဖွဲ့ ရှိတယ်။ အဲဒီတော့ သမဝါယမအသင်းတွေကို ဖွဲ့တဲ့အခါမှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဘယ်အဖွဲ့ကို ဘယ်လိုပုံစံနှင့် ဖွဲ့ရတယ်ဆိုတာကို စနစ်တကျ--------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး အခုဆွေးနွေးနေတာက တောင်သူလယ်သမား အခွင့်အရေး ကာကွယ်တာ ပြင်ဆင်တဲ့ဥပဒေကြမ်းပဲ ဆွေးနွေးတာ။ ဘာကို ကိုယ်စားလှယ်ကြီးက ဆွေးနွေးချင် တာလဲ။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ နည်းဥပဒေအပိုင်းကို ပြောတာပါ ခင်ဗျား။ နည်းဥပဒေမှာက အလုပ်သမားတို့၊ သမဝါယမအသင်းတို့မှာ နည်းဥပဒေမှာ ဒီလို ဖွဲ့စည်း ထားတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ကျွန်တော်တို့ ဆွေးနွေးနေတာက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးတာ။ အဲဒါကို အဓိကထား ------

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဒါနမူနာဆွေးနွေးတာပါ။ နည်းဥပဒေမှာ ဒါမျိုးတွေ မပါဘူးလို့ ကျွန်တော် ဆွေးနွေးပြတာပါ ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ**။ ။ အခုကနည်းဥပဒေမှ မဟုတ်တာ။ ပြင်ဆင်တဲ့ဥပဒေ။ နည်းဥပဒေသွားသေး တာ မဟုတ်ဘူး။

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အဲဒီတော့ ရပါတယ်။ ဒီဥစ္စာ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆက်ပြီးတော့ဆွေးနွေးချင်တာကတော့ ကျွန်တော်တို့အခု တောင်သူ

လယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေက ပေးထားတဲ့ နည်းဥပဒေ အပိုင်းမှာ ဒီ တောင်သူလယ်သမား သမဂ္ဂအဖွဲ့အစည်းတွေကို ဘယ်လိုဖွဲ့ရတယ်ဆိုတဲ့ ဖွဲ့စည်းပုံက -----

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးမှာက တောင်သူ လယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့် တောင်းခံ အပ်ပါတယ်။

ဒါ ကျွန်တော် ပုဒ်မ ၂ မှာက ဝန်ကြီးဌာနကို အမည်ပြောင်းတဲ့နေရာမှာ ပုဒ်မ ၂၈ တစ်ခုတည်းကပဲ ထည့်သွင်းပြဌာန်းထားတယ်။ ပုဒ်မ ၂၈ မှာ ပြင်ဆင်ထားကြောင်း ကျွန်တော် ပြတာဖြစ်ပါတယ်။ နောက် ၂ (စ) မှာက အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ လယ်ယာထုတ်ကုန်ဆိုသည်မှာ ဆိုတဲ့ နေရာမှာ ကျွန်တော် ကောက်ပဲသီးနှံနှင့် လယ်ယာခြံမြေ စိုက်ပျိုးရေးလုပ်ငန်းဆိုတဲ့ဟာ ကျွန်တော်က ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ မူလဥပဒေရဲ့ ပုဒ်မ ၄ ခြေဆင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆိုတဲ့နေရာမှာ ကျွန်တော်က ပြည်ထောင်စုအစိုးရအဖွဲ့ကို အစိုးရအဖွဲ့ ဆိုပြီးတော့ ကျွန်တော်က ပြည်ထောင်စုကိုဖြုတ်တယ်။ ဒါကလည်း ကျွန်တော်တို့ ဒီမှာ Defination မှာ ဖွင့်ဆိုထားပြီး ဖြစ်ပါတယ်။ အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုခေါ်သည် ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဒီ ပြည်ထောင်စု ဆိုတဲ့ဟာကို ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ မြှင့်တင်ရေးလုပ်ငန်းတာဝန် များကို ဆိုတဲ့ တာဝန်မှာ ကျွန်တော်က ထပ်ဖြည့်ထားခြင်းဖြစ်ပါတယ်။

နောက် ပုဒ်မ ၄ (ဂ)ဖြစ်ပါတယ်။ ပုဒ်မ ၄ (ဂ)က တောင်သူလယ်သမားများဟာ ကိုယ်စား ပြုသော ကိုယ်စားလှယ်များ သို့မဟုတ် အဖွဲ့အစည်းများ သင့်လျော်သောပုဂ္ဂိုလ်များနှင့် အခြား အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များဆိုပြီးတော့ ကျွန်တော်က ကော်မတီဖွဲ့စည်းခြင်းကို ကျွန်တော် ဖြည့်စွက်ထား ခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားကိုယ်စားလှယ်တွေ ကျွန်တော်တို့ ကာကွယ်ဖို့အတွက် ဖြည့်စွက် ထားခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ဦးစားပေးတဲ့နေရာမှာ အဲဒီ သဘာဝဘေးဒဏ်ကြောင့်ဖြစ်တဲ့ တောင်သူလယ်သမားတွေကို ကျွန်တော်တို့ ချေးငွေတွေ၊ ပံ့ပိုးမှုတွေပေးတဲ့အခါမှာ အထူးဦးစားပေး ဆိုပြီးတော့ အထူးကို ပြန်ထည့်ထားပြီး မူလဥပဒေမှာ ပြဌာန်းထားတဲ့အတိုင်း ဖြစ်ပါတယ်။ ဒါက လယ်ယာမြေသိမ်းဆည်းမှုနှင့် ပတ်သက်ပြီးတော့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေပြန်လည်

ရရှိရေး သို့မဟုတ် မနစ်နာစေရေးအတွက် ဆောင်ရွက်ပေးရန်ဆိုတဲ့ဟာ လယ်ယာမြေပြန်လည်ရရှိရေး ဆိုတဲ့ ကျွန်တော် ဒီ Project ကို ထည့်ထားခြင်းဖြစ်ပါတယ်။

အောက်က ကျွန်တော် ၅ (က)ကတော့ ကောက်ပဲသီးနှံဆိုတဲ့ဟာကို ကျွန်တော် ပထမ ဖြည့်စွက်ထားတဲ့အတိုင်း ကောက်ပဲသီးနှံဆိုတဲ့ဟာကို ဖြည့်စွက်ပြီးတော့ ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆိုတဲ့ဟာကို ပြန်ထည့်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ထိုနည်းလည်းကောင်းပါပဲ။ လွတ်လပ်စွာ ပြန်ထည့်ထားခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မ ၁၆ ပုဒ်မ ၁၆ကို တည်ဆဲဥပဒေ တစ်ရပ်ရပ် ဆိုတဲ့နေရာမှာ သတ်မှတ်ခွင့်ပြုချက်နှင့်အညီလို့ပဲ ဒါ ကျွန်တော် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ JICA ချေးငွေတွေမှာဆိုရင် ဥပဒေအရ မဟုတ်ဘဲနှင့် သတ်မှတ်ထားတဲ့ ခွင့်ပြုချက်နှင့်အညီ ချေးရမှာဖြစ်တဲ့ အတွက် ကျွန်တော် ခွင့်ပြုသတ်မှတ်ချက်နှင့်အညီ ဆိုတာကို ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော် စကားရပ်တွေပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပုဒ်မ ၂ မှာ ရည်ညွှန်းထားတာ ဖြစ်တဲ့အတွက် ဒါ ပုဒ်မ ၂၈ တစ်နေရာတည်း ပြဋ္ဌာန်းထားပြီးတော့ ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၇။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား သွားမှာ ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၃၄၅

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန် လ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ၁-၆-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၇-၆-၂၀၁၈ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(က) မြန်မာစာအရေးအသားမှန်ကန်စေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၇ တွင် ဖော်ပြထားသော ပညာရေးအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ကို ပညာရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၃ ခြေဆင်းတွင် ဖော်ပြထားသော အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဆိုသည့် စကားရပ်ကို အောက်ပါရဟန်းတော်နှင့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၄ တွင် ဖော်ပြထားသော နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ဆိုသည့်စကားရပ်ကို ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်

၂၃ ခြေဆင်းတွင် ဖော်ပြထားသော သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ကို သင့်လျော်သော ရဟန်းတော်နှင့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၈ ကို အပိုဒ် ၃၃ အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

၃၃။　ကောင်စီဝင်၊ ပညာရေးအဖွဲ့ဝင်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်နှင့် ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်ခြင်းခံရသည့်

(က)　ရဟန်းတော်များသည် ကောင်စီက သတ်မှတ်သည့် လှူဒါန်းထောက်ပံ့မှုကို လက်ခံခွင့်ရှိသည်။

( ခ )　နိုင်ငံ့ဝန်ထမ်းမဟုတ်သော လူပုဂ္ဂိုလ်များသည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ)　ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ နှင့် ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၅၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ဆိုသည့်စကားရပ်ကို စည်းမျဉ်းနှင့် စည်းကမ်းများကို ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာသုံးသပ်ချက် အစီရင်ခံစာကို ကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၃၄၁

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန် လ ၈ ရက်

၁။ ဒီဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ) ကနေပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ကတည်းက တင်သွင်းခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အစည်းအဝေးတွေကို အကြိမ်ကြိမ် ကျင်းပခဲ့တာ ဖြစ်ပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ (၆)လ၊ (၇)လ လောက်အချိန်ယူပြီးတော့ကို အစည်းအဝေးတွေကို ကျင်းပခဲ့တဲ့အခါမှာ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ အဖွဲ့ဝင်၊ ပညာရှင်တွေနဲ့ အကြိမ်ကြိမ် ကျင်းပခဲ့တာ ဖြစ်ပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ နောက်ပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီ လက်ရှိ မြန်မာနိုင်ငံမှာ တည်ဆဲဖြစ်တဲ့ မြေသိမ်း အက်ဥပဒေဟာဆိုရင်-

(က) ၁၈၉၄ ခုနှစ်တည်းက အိန္ဒိယနိုင်ငံမှာ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အာဏာသက်ရောက်စေခဲ့တဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြုခဲ့တဲ့ ဥပဒေ မဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံရဲ့ဥပဒေဟာ မြန်မာနိုင်ငံမှာ အာဏာသက်ရောက် နေတာဖြစ်ပါတယ်။ အခုအခါမှာတော့ စပြီးတော့ ဥပဒေပြုခဲ့တဲ့ အိန္ဒိယနိုင်ငံ မှာတောင်မှ ဒီဥပဒေကို ရုပ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ မြေသိမ်းဆည်းခြင်း၊ ပြန်လည် ထူထောင်ပေးခြင်း၊ ပြန်လည်နေရာချထားခြင်း လုပ်ငန်းစဉ်တွေကို ပွင့်လင်း မြင်သာပြီး မျှတတဲ့ လျော်ကြေးရပိုင်ခွင့်ဆိုင်ရာ အက်ဥပဒေအသစ်တစ်ရပ်ကို အိန္ဒိယ နိုင်ငံမှာ ၂၀၁၃ ခုနှစ်မှာ အသစ်ပြဋ္ဌာန်း ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း နိုင်ငံတကာစံနှုန်းတွေနှင့် ကိုက်ညီမှုရှိစေဖို့ နိုင်ငံတော်ရဲ့ မြေအသုံးချ မူဝါဒနှင့် ညီညွတ်မှုရှိစေဖို့ အဆိုပြု ဥပဒေကြမ်းရဲ့ ခေါင်းစဉ်ဖြစ်တဲ့ ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေ ဆိုတဲ့အစား မြေသိမ်းဆည်းခြင်း၊ ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေလို့ ပြင်ဆင် သင့်ကြောင်း တင်ပြအပ်ပါတယ်။

(ခ) ကျွန်တော်တို့ ကော်မတီအနေနဲ့ တည်ဆဲမြေသိမ်းဥပဒေ၊ အဆိုပြု ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းတို့ကို လေ့လာစိစစ်ခဲ့တဲ့နေရာမှာ သက်ဆိုင်ရာကော်မတီများ ပြည်ထောင်စုလွှတ်တော်၊ ကော်မရှင်၊ ဝန်ကြီးဌာနတွေရဲ့ အကြံပြုချက်တွေအပေါ်မှာ

အခြေခံပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်တွေမှာလည်း အခြေခံပါတယ်။နောက်တစ်ခါ လူမှုအဖွဲ့အစည်းတွေရဲ့ အသံအပေါ်မှာလည်း အခြေပြုပါတယ်။ မြေယာပညာရှင်များရဲ့ အမြင်နဲ့ အကြံပြုချက်တွေအပေါ်မှာလည်း အခြေခံပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အထူးအားဖြင့်တော့ မီဒီယာများမှာ ဘက်စုံ၊ ထောင့်စုံကနေပြီးတော့ သုံးသပ်ဝေဖန်အကြံပြုခဲ့တဲ့ ဆောင်းပါးရှင်တွေရဲ့ အာဘော်တွေနဲ့ အကြံပြုချက်တွေအပေါ်မှာလည်း အခြေခံပါတယ်။ အားလုံး ဒီအချက်တွေကို ထည့်သွင်းစဉ်းစား သုံးသပ်ပြီးတော့ ပြင်ဆင်ချက်အများအပြားကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

(ဂ) ဒါကြောင့်မို့လို့ အခုလွှတ်တော်သို့ တင်ပြမယ့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဟာ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်း ဖော်ပြခဲ့တဲ့ အဆိုပြု ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် များစွာခြားနားသွားပြီဖြစ်ပါတယ် ဆိုတာကိုလည်း တင်ပြလိုပါတယ်။ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြင်ဆင် ဖြည့်စွက်ထားတဲ့ လွှတ်တော်ကို ယခု တင်ပြတဲ့ ဥပဒေကြမ်းကို အများပြည်သူနှင့် သတင်းမီဒီယာများ ထပ်မံ လေ့လာနိုင်ဖို့အတွက်လည်း အမျိုးသားလွှတ်တော် Website မှာ ဒီနေ့က စပြီးတော့ ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းတစ်ရပ်လုံးဟာ ပြောင်းလဲသွားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ Website မှာဖော်ပြထားတဲ့ New Version လက်ရှိ ပြင်ဆင်ထားတဲ့ဥပဒေကို ထပ်မံပြီးတော့ လေ့လာပေးနိုင်ကြဖို့ ဒီနေရာကနေပြီးတော့ ပန်ကြားတင်ပြလိုပါတယ်။

(ဃ) ဒီဥပဒေကြမ်းမှာတော့ ပြင်ဆင်ချက်တွေအနေနဲ့ ဘာတွေဆောင်ရွက်ခဲ့သလဲဆိုတဲ့အခါမှာ မြေသိမ်းဆည်းခြင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ဖို့၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိစေဖို့၊ အဂတိလိုက်စားမှုဖြင့် လုပ်ပိုင်ခွင့် အလွဲသုံးစားမှုများမဖြစ်စေဖို့ ဒေသခံပြည်သူတွေကို မြေသိမ်းဆည်းတဲ့ လုပ်ငန်းစဉ်တွေကို ချပြဆွေးနွေး သဘောထားရယူခြင်းကို ဆောင်ရွက်ဖို့ ပြဋ္ဌာန်းချက်တွေ ပါဝင်ပါတယ်။ မြေသိမ်းဆည်းတဲ့နေရာမှာ မြေပိုင်ဆိုင်သူ၊ သိမ်းဆည်းမြေမှာ ဆက်နွှယ်ပတ်သက်သူ၊ ထိခိုက်နစ်နာသူတွေအတွက် ဒေသကာလ တန်ဖိုးအတိုင်း လျော်ကြေး၊ နစ်နာကြေးတွေ ပေးအပ်ရုံမျှမကဘဲ ရွှေ့ပြောင်းနေရာချထားစရိတ် ပေးအပ်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လူမှုစီးပွားရေးဘဝ ပြန်လည် ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည့် ပြဋ္ဌာန်းချက်တွေလည်း ပါဝင်ပါတယ်။ ဒါ့အပြင် မြေကို သိမ်းဆည်းပြီးတော့ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကို တားဆီးကာကွယ်နိုင်ဖို့ မြေသိမ်းဆည်းခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသား လူနည်းစုများနှင့် ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့်ရှိသူများ အပါအဝင်ဖြစ်တဲ့ ထိခိုက်နစ်နာလွယ်သူများကို ထိခိုက်နစ်နာမှုမရှိစေရန် အထူးဂရုပြု စီစဉ်ဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်တွေလည်း ပါဝင်ခဲ့ပါတယ်။

(င) ဥပဒေကြမ်းကော်မတီအနေနဲ့ အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်းပေါ်မှာ အသေးစိတ် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတွေကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် နောက်တစ်ခါ ဥပဒေရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်း ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အခန်းတွေကို အစီအစဉ် အကျအန ပြန်လည်ပြီးတော့ စီစဉ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက် အပြည့်အစုံကိုတော့ လွှတ်တော်ကို ကန့်လန့်ဖြတ်ဇယားနှင့် အပြည့်အစုံ တင်သွင်း ထားပါတယ်။

## ကော်မတီ၏ သဘောထားမှတ်ချက်

၃။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြရမယ်ဆိုရင်တော့ မြေသိမ်း ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်က ပညာရှင် များနှင့် အကြိမ်ကြိမ် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်တဲ့အပြင် လူမှုအဖွဲ့အစည်းများ၊ မြေယာ ဆိုင်ရာပညာရှင်များ၊ မီဒီယာများမှ ဆောင်းပါးရှင်များရဲ့ အသံ၊ အာဘော်နှင့် ဝေဖန်သုံးသပ် အကြံပြုချက် များကိုပါ စုစည်းလေ့လာပြီးတော့ ပြင်ဆင်ဆောင်ရွက်ထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသား လွှတ်တော်က အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆက်လက် ဝေဖန်သုံးသပ် အကြံပြုပြီးတော့ အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်။


အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။


လေ့လာတွေ့ရှိချက် ပြပုံ (ဠ)



အကြံပြုချက်အပေါ် အခြေခံခြင်းအား ပြပုံ (ဠ-၁)




ပါဝင်သည့် ပြဋ္ဌာန်းချက်များ ပြပုံ (ဠ-၂)




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး

၂၁-၆-၂၀၁၈ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးအောင်ဝင်း (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီး တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား လိုအပ်တဲ့နေရာများတွင် Power Point သုံးစွဲခွင့်ပြုပါရန် ကြိုတင်တောင်းဆိုအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်**
**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**
**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့်**
**အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး တွင် လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည်ဖြေကြားချက်များ အပေါ် အာမခံချက်၊ ကတိပြုချက်များကို စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာ ပြုစု၍ တင်သွင်းခြင်းနှင့် ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းစိစစ်ခြင်းတို့ကို တင်ပြခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှု အခြေအနေများကို အဋ္ဌမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ပေးပို့နိုင်ရန် ဖြစ်ပါသည်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၀၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၈၆)ခု၊ စုစုပေါင်း (၂၉၃)ခု တင်သွင်းမေးမြန်းခဲ့ပါသည်။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေး အတွက် ကော်မတီဝင်များကို အောက်ဖော်ပြပါ အဖွဲ့(၆)ဖွဲ့ ခွဲ၍ ဝန်ကြီးဌာနများအလိုက် စိစစ် ဆောင်ရွက်ခဲ့ပါသည်-

၄။ ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့် မပြမေးခွန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါသည်။

၅။ အစည်းအဝေး၏ အတည်ပြုချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့်အဆို(၁)ခုအား စိစစ်တွေ့ရှိရပြီး နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြ ထားပါသည်။

၆။ အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁၀၆)ခုအနက် မေးခွန်း(၆၁)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၄၅)ခုမှာ ကတိမဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ဖြေကြား ချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါသည်။

၈။ အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း(၁၈၄)ခုအနက် မေးခွန်း(၁၁၂)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၇၂)ခု ကတိမဖြစ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၉။ ကြယ်ပွင့်မပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါသည်။

၁၀။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန် အစည်းအဝေး အထိ အစည်းအဝေး(၇)ကြိမ်အတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများအနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အလိုက် ကတိဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၁။ ကော်မတီအနေဖြင့် ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအတွင်း ကတိဖြစ်ပေါ်ခဲ့သောမေးခွန်းများနှင့် စပ်လျဉ်း၍ ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့ အောက်ဖော်ပြပါ ကော်မတီဝင်များဖြင့် ကွင်းဆင်းစိစစ် လေ့လာခဲ့ပါသည်-

၁၂။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် အောက်ဖော်ပြပါ ခရီးစဉ်များကို သွားရောက်စိစစ်ခဲ့ပါသည် -

(က) ၈-၅-၂၀၁၈ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် အကြိုတွေ့ဆုံဆွေးနွေး ခဲ့ပါသည်။

(ခ) ၉-၅-၂၀၁၈ ရက်နေ့တွင် ရေဖြူမြို့နယ်၊

(ဂ) ၁၀-၅-၂၀၁၈ ရက်နေ့တွင် ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊

(ခ) ၁၁-၅-၂၀၁၈ ရက်နေ့တွင် သရက်ချောင်းမြို့နယ်နှင့် ပုလောမြို့နယ်၊

(ဃ) ၁၂-၅-၂၀၁၈ ရက်နေ့ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊

(င) ၁၃-၅-၂၀၁၈ ရက်နေ့တွင် ကော့သောင်းမြို့နယ်၊

(စ) ၁၄-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ ဆလုံကျွန်းများသို့ ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။

## ကော်မတီ၏စိစစ်တွေ့ရှိချက်များ

၁၃။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း မေးမြန်းခဲ့သည့် မေးခွန်း (၃)ခု၏ လုပ်ငန်းဆောင်ရွက်ချက်များကို စာမျက်နှာ (၁၃)နှင့် (၁၄)တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် အရေးကြီးသော အချက်များကို ဖော်ပြရလျှင် -

(က) JICA မှ ဇာဒီ-ခေါင်ပြန်-ထွက်ဝလမ်း (၁၃) မိုင်အား ကွန်ကရစ်လမ်း ပြုလုပ်မည်ဟု သိရှိရာ ဘတ်ဂျက်ဖြင့်ချထားပြီးသည့်လမ်းနေရာတွင် ထပ်မံပြုလုပ်သဖြင့် နိုင်ငံတော် ဘတ်ဂျက် အလေအလွင့်ဖြစ်ရသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၄။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး မေးမြန်းခဲ့သည့် မေးခွန်း(၄)ခု၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စာမျက်နှာ (၁၄)မှ (၁၆)အထိ ဖော်ပြထားပါသည်။ ၎င်းတို့အနက် အချို့ကို ဖော်ပြရလျှင် ကော်မတီမှ

(ဂ) ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ သဘော့ဆိပ်ကျေးရွာတွင် ကမ်းနီးငါးဖမ်းလှေသမား (၅၀၀)ခန့်နှင့် တွေ့ဆုံဆွေးနွေးချက်များအရ ဝါလတ်(ဒရွတ်ဆွဲ)လှေများ လောင်းလုံမြို့နယ် ပင်လယ်ကမ်းနီး ဇရိယာအတွင်း ငါးဝင်ရောက် ဖမ်းဆီးခြင်းကြောင့် ဒေသခံငါးဖမ်းလှေငယ်များ၏ မျှောလိုက်၊ မြှုးများ ထိခိုက်ပျက်စီးဆုံးရှုံးဆဲ ဖြစ်ပါသည်။ ထိုသို့ ကမ်းနီးသို့ ဝင်ရောက် ဖမ်းဆီးစဉ် ၎င်းလှေများ၏ နံပါတ်၊ ကုမ္ပဏီ၊ လှေအမည်များကို ဖုံးအုပ်ထားကြပြီး တရားမဝင် ကျူးကျော်လျက်ရှိသည်ကို သိရှိရပါသည်။ ထိုလှေများမှာ ဒေသခံလှေများ မဟုတ်ဘဲ ထိုင်းနိုင်ငံသား အရင်းအနှီးဖြင့် မြန်မာနိုင်ငံသားများက အမည်ခံ၍ လုပ်ကိုင်လျက်ရှိသောကြောင့် မြန်မာနိုင်ငံက ရေသယံဇာတ ဆုံးရှုံးပြီး အကျိုးအမြတ်ကို အခြားနိုင်ငံကသာ ခံစားနေရကြောင်း ယခုအတိုင်း သက်ဆိုင်ရာဌာနများက မျက်ကွယ်ပြု အရေးယူဆောင်ရွက်ခြင်း မပြုလျှင် ငါးမျိုး ပြုန်းတီးသွားမည့်အခြေအနေကို မလွဲမသွေ ကြုံတွေ့ရမည် ဖြစ်ကြောင်း၊ ကမ်းနီးငါးဖမ်း ဝင်ဖမ်းသည့် ဝါလတ်လှေများနှင့် ငါးမျိုး ပြုန်းတီးစေသည့် ငါးနီတူ ငါးဖမ်းခြင်းများကို ထိရောက်စွာ အရေးယူရန် လိုအပ်ပါသည်။

၁၅။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း မေးမြန်းထားသည့် အချက်အလက်များကို ဆောင်ရွက်ခြင်း စစ်ဆေးခြင်းများကို စာမျက်နှာ (၁၆) နှင့် (၁၇)တွင် ဖော်ပြထားပါသည်။

၁၆။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလင်း မေးမြန်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ချောင်းဝပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၇။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန် မေးမြန်းခဲ့သည့် မေးခွန်း(၁၁)ခု၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား စိစစ်တွေ့ရှိချက်များကို စာမျက်နှာ(၁၈) မှ (၂၂)အထိ ဖော်ပြထားပါသည်။ ၎င်းတို့အနက် အချို့ကို ဖော်ပြရလျှင် စာမျက်နှာ(၁၉)မှာ ရှိတဲ့-

(စ) ပုလောမြို့ အားကစားကွင်းနှင့် ကြက်တောင်ရုံကို တာဝန်ယူ ဆောင်ရွက်သည့် ပုလော ထူးထက်အောင်ကုမ္ပဏီသည် မူလ Estimate ပါ လုပ်ငန်းအင်္ဂါရပ်များနှင့် အညီ ဆောင်ရွက်ထားခြင်းမရှိကြောင်း ကော်မတီမှ စိစစ်တွေ့ရှိရပါသည်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက သက်ဆိုင်ရာ

တိုင်းအားကစားဦးစီးဌာန၊ မြို့နယ်အားကစားဦးစီးဌာန ဖြစ်မြောက်ရေးကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး ပြန်လည်မွမ်းမံပြီးစီးကြောင်း သိရှိရပါသည်။

၁၈။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ လင်းဝေဖြိုးလတ် မေးမြန်းခဲ့သည့် မြိတ်မြို့နယ်၊ သမုတ်ကျေးရွာအုပ်စုတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်နှင့် ပတ်သက်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၂၀၀)ဖြင့် ဆောက်လုပ်လျက်ရှိရာ(၃၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၉။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ မေးမြန်းခဲ့သည့် မေးခွန်း(၅)ခု၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စိစစ်တွေ့ရှိမှုကို စာမျက်နှာ(၂၁) မှ (၂၂)တွင် ဖော်ပြထားပါသည်။ ၎င်းတို့အနက် အချို့ကို ဖော်ပြရလျှင်-

(ခ) (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်သည့် ကိစ္စအတွက် ကတိကဝတ် အကောင်အထည်ဖော်မှုမှာ ပြီးစီးမှု မရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။ အကြောင်းအရင်းမှာ မြေစာရင်းပုံစံ(၁၀၅)မရှိ၍ နှောင့်နှေးနေခြင်းဖြစ်ပြီး ဌာနဆိုင်ရာများအတွင်း ပူးပေါင်းဆောင်ရွက်မှုအားနည်းကြောင်း စိစစ်တွေ့ရှိရပါသည်။

၂၀။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း မေးမြန်းခဲ့သည့် မေးခွန်း(၃)ခု၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများသည် အားလုံး ပြီးစီး ဆောင်ရွက်ပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၁။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်းက အဆို(၁)ခု တင်သွင်းခဲ့ပြီး မေးခွန်း(၆)ခု စိစစ်တွေ့ရှိရပြီး ၎င်းစိစစ်တွေ့ရှိချက်ကို စာမျက်နှာ(၂၃)မှ (၂၅)တွင် ဖော်ပြထားပါသည်။ ၎င်းတို့အနက်-

(ဂ) တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့၊ မသေကျေးရွာအုပ်စုရှိ ပိုကောင်းဆီအုန်းကုမ္ပဏီဝင်းအတွင်းရှိ လမ်းကို ရွာသူရွာသား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ နေ့ရောညပါ အချိန်မရွေး စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဖြတ်သန်းသွားလာခွင့်ပြုရန် ဒေသခံများ၏ လိုလားချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များကို သုံးသပ်ပြီး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ I-20 တွင် ကြားနာခဲ့ပြီး ကော်မတီ၏ စေ့စပ်ညှိနှိုင်း ပေါင်းစပ်မှုကို လက်ခံသဘောတူပြီး အချိန်မရွေး ဖြတ်သန်းသွားလာနိုင်ကြောင်း ကုမ္ပဏီမှ ကတိပြု ပြောကြားခဲ့ပါသည်။

၂၂။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း မေးမြန်းခဲ့သည့် မေးခွန်း(၄)ခု၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စိစစ်တွေ့ရှိမှုနှင့် ပတ်သက်ပြီး စာမျက်နှာ(၂၅)မှ (၃၃)တွင် ဖော်ပြထားပါသည်။ ၎င်းစိစစ်ချက်များ အနက် အချို့ကို ဖော်ပြရလျှင် -

(င) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းအတွက် ငှားရမ်းထားခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ ကျွန်း(၁၂)ကျွန်း ခွင့်ပြုပြီးဟု သိရှိရပါသည်။ ကျွန်းများပေါ်တွင် ဟိုတယ် ခရီးသွားလုပ်ငန်းအတွက် ငှားရမ်းရာတွင် မည်သည့်စံနှုန်းဖြင့် (သို့) မည်သည့် သတ်မှတ်ချက်များဖြင့် ငှားရမ်းသည်ကို မသိရှိရပါ။ MIC မှ ခွင့်ပြုထားသော ကုမ္ပဏီ(၉)ခုအား ကျွန်း(၁၂) ကျွန်းကို ၁၈-၇-၂၀၁၅ ရက်နေ့တွင် ငှားရမ်းထားပါ သည်။ ဧက စုစုပေါင်း (၈၄၉၃.၂၀)ဧက ငှားရမ်းထားပြီး လုပ်ငန်းဖော်ပြထား ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏သုံးသပ်အကြံပြုချက်**

၂၃။ ၎င်းကို စာမျက်နှာ(၃၃)မှ (၃၇)အထိ ဖော်ပြထားပါတယ်။ အားလုံးကို မဖော်ပြတော့ဘဲ အချိန်ကို ငဲ့ညှာသောအားဖြင့် အချို့ကိုသာ ကောက်နုတ် ဖော်ပြပါမယ်ခင်ဗျား-

(ဂ) လောင်းလုံမြို့နယ်၊ သပြေရှောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တည်ဆောက် ခြင်း၌ ဖောင်ဒေးရှင်းအဆင့်သာ ပြီးစီးပြီး လိုအပ်သည့် စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိဘဲဆောင်ရွက်နေသဖြင့် အရည်အသွေး စစ်ဆေးမှုအပိုင်း နှင့် ထိန်းသိမ်းကြပ်မတ်မှုအပိုင်း အားနည်းကြောင်း သုံးသပ်အကြံပြုပါသည်။

(င) လောင်းလုံမြို့နယ်၊ ကမ်းနီးငါးဖမ်းဇရိယာအတွင်း ကမ်းဝေးလှေများ ဝင်ရောက် ငါးဖမ်းနေခြင်းကိစ္စအား တားမြစ်အကောင်အထည်ဖော်ရာတွင် အရေးယူမှု ပြစ်ဒဏ် ချမှတ်မှုအပြင် ထိထိရောက်ရောက် စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ဥပဒေ များ ပြင်ဆင်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

(ဈ) ဘုတ်ပြင်းမြို့နယ်၊ တောင်ဒဂုံဆီအုန်းခြံက ခွင့်ပြုဧကထက်ပိုမို၍ (၁၅၈၉)ဧက စိုက်ပျိုးထားခြင်းနှင့် မူလလက်ငုတ် တောင်သူများ၏မြေများ ပါဝင်နေခြင်းကို တည်ဆဲဥပဒေများနှင့်အညီ အလျင်အမြန် အရေးယူသင့်ပါကြောင်း သုံးသပ်ပါသည်။

(ည) ဆလုံလူမျိုးများနှင့် ပတ်သက်ပြီး သုံးသပ်ချက်များကို စာမျက်နှာ(၃၅)နှင့် (၃၆)တို့ တွင် အသေးစိတ် ဖော်ပြထားပြီးဖြစ်၍ အချို့ကိုသာ အစီရင်ခံပါမယ်ခင်ဗျား။ စာမျက်နှာ(၃၅)မှာ နံပါတ်(၂) ဖြစ်တဲ့ -

(၂) ဆလုံလူမျိုးများသာ သီးသန့်နေထိုင်သည့် ကျွန်းများ သတ်မှတ်ပေးရန် ဆောင်ရွက်သင့်ပါသည်။

(၃) ဆလုံလူမျိုးများနေထိုင်ရာ ကျွန်းရွာငယ်များတွင် ဆလုံမဟုတ်သောအခြား ရွှေ့ပြောင်းအခြေချသူများကို ကန့်သတ်ထိန်းချုပ်ရန် ဆောင်ရွက်သင့်ပါသည်။

( ၄) ဆလုံမဟုတ်သော အခြားရွှေ့ပြောင်းနေထိုင်သူများက မူရင်းနေထိုင်ရာ ဒေသနှင့်ဆလုံရွာတွင်ပါ ပုံစံ(၆၆) သန်းခေါင်စာရင်းနှစ်ခု ကိုင်ဆောင်ထား သည်ကို စိစစ်အရေးယူသင့်ပါသည်။

(၅) ဆလုံမဟုတ်သော အခြားရွှေ့ပြောင်းနေထိုင်သူများက ပုံစံ(၁၀)မရှိဘဲ အခြေချနေထိုင်ခွင့်ရှိနေခြင်းကြောင့် မူးယစ်ဆေးဝါး အပါအဝင် အခြား တရားမဝင် လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်သာနေခြင်းကို စိစစ်အရေးယူ ထိန်းချုပ်ရန် ဆောင်ရွက်သင့်ပါသည်။

(၁၀) လန်ပိဥယျာဉ်မှ ပယ်ဖျက်ခဲ့သော မြေ(၅၉.၈၇)ဧကေတွင် မပယ်ဖျက်ခင်က တည်းကပင် (၁၁)ဧကအား ကုမ္ပဏီအား ပုံစံ(၇)ချပေးထားသည်ကို စိစစ် အရေးယူသင့်ပါသည်။

(၁၂) ကျွန်းအရေအတွက်သတ်မှတ်၍ ဆလုံလူမျိုးများ သဘာဝအတိုင်းနေထိုင် သည့် ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်သင့်ပါသည်။

(ဋ) မှာရှိတဲ့ ကျွန်တော်တို့ ကျွန်းများ ငှားရမ်းခြင်းနှင့် ပတ်သက်ပြီး အကြံပြုချက်တို့ကို စာမျက်နှာ (၃၆)နဲ့ (၃၇)မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ အချို့ကိုသာ အစီရင်ခံမယ် ဖြစ်ပါတယ်ခင်ဗျား။ အဲဒီ (ဋ)မှာရှိတဲ့ နံပါတ်(၂)အပိုဒ်

( ၂) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ပင်လယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေ ရေး၊ သယံဇာတ မဆုံးရှုံးရေးအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ ငှားရမ်းခြင်း၊ ဆောင်ရွက်ခြင်းများ ပြုသင့်ပါသည်။

( ၃) ကျွန်းများကို ငှားရမ်းရာတွင် ကျွန်းဧရိယာ၏ ရာခိုင်နှုန်းမည်မျှသာ ဖြစ်ရ မည်ဟု သတ်မှတ်သင့်ပါသည်။ ဥပမာ(ကျွန်းဧရိယာ၏(၂၀)ရာခိုင်နှုန်းသာ အများဆုံးဖြစ်ရမည်ဟူ၍)

(၄) ဒေသခံဆလုံ(မော်ကင်း)တိုင်းရင်းသားများ အခြေစိုက် နေထိုင်ရာ၊ ရေလုပ်ငန်း ဖြင့် ပင်လယ်စားကျက်နေရာများကို ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းကုမ္ပဏီများသို့ မငှားရမ်းမိစေရေးအတွက် ဧရိယာ၊ နေရာ သတ်မှတ်ထားသင့်ပါသည်။

၂၄။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည် -

(က) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရန်ပုံငွေ လေလွင့်မှု မရှိစေရန်နှင့် ရေရှည်အကျိုးဖြစ်ထွန်းစေရန်အတွက် လုပ်ငန်းများ စံချိန်စံညွှန်းနှင့် အညီ တွက်ချက်၍ အခိုင်အမာတည်ဆောက် ဆောင်ရွက်သင့်ပါသည်။ ကုမ္ပဏီများ အနေနှင့် တင်ဒါအောင်မြင်လိုမှုကိုသာ အလေးထားပြီး လုပ်ငန်းအင်္ဂါရပ်(စံချိန်/စံညွှန်း) မပြည့်မီသော အချက်အလက်များ၊ Estimate များ မှားယွင်းစွာ တွက်ချက်ခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်မှု အားနည်းခြင်း စသည့်အချက်များကြောင့် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီမပြီးစီးခြင်းနှင့် အရည်အသွေးမပြည့်မီခြင်း များ ဖြစ်ပေါ်မှုရှိနေပါသည်။ နောင်တွင် တင်ဒါလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်၏အကျိုး၊ မိမိအကျိုး မျှတအောင်စဉ်းစား၍ တင်ဒါလုပ်ငန်း ရရှိမှုအပေါ် အဓိကမထားဘဲ မိမိကုမ္ပဏီမှကျွမ်းကျင် ပိုင်နိုင်သော လုပ်ငန်းမျိုးကိုသာ အဓိကထား ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော် ဘဏ္ဍာငွေများ မိမိကုမ္ပဏီကြောင့် ဆုံးရှုံးနစ်နာမှုမရှိစေရန် အထူးစဉ်းစား ဆောင်ရွက်သင့်ပါကြောင်း နှင့် လုပ်ငန်းများ စံချိန်/စံညွှန်းနှင့်အညီ ပြီးစီးစေရန် အမြန်ဆုံး ဆောင်ရွက်သင့်ပါ ကြောင်း အကြံပြုအပ်ပါသည်။ သို့ဖြစ်ပါ၍ တင်ဒါလုပ်ငန်းများကို (၁/၂၀၁၇)တင်ဒါ စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်စေပြီး စည်းကမ်းများ တိကျစွာ လိုက်နာ ဆောင်ရွက်သင့်ပါသည်။

(ခ) လမ်းတံတားများနှင့် အဆောက်အဦများ ဆောက်လုပ်ရာ၌ မြေပြင်တွင် ကုမ္ပဏီများ၏ အကောင်အထည်ဖော်မှုကို အဆင့်တိုင်းတွင် ကြပ်မတ်စစ်ဆေးသင့်ပါသည်။ မစစ်ဆေးဘဲ QC လက်မှတ်ထိုးပေးနေခြင်းများကို စစ်ဆေးပေါ်ပေါက်ပါကလည်း ထိရောက်စွာ အရေးယူသင့်ပါကြောင်း သုံးသပ်ပါသည်။

(ဂ) မြန်မာ့ပင်လယ်ပြင် သယံဇာတ မဆုံးရှုံးစေရေးနှင့် အခွန်အကောက်များ မလေလွင့် စေရေးအတွက် သက်ဆိုင်သောဥပဒေများ ပြင်ဆင်ခြင်း၊ ခေတ်မီကိရိယာများ တပ်ဆင်စေခြင်း၊ စစ်ဆေးရန်ရေယာဉ်များ ဝယ်ယူခြင်းများကို အချိန်မီ ပြုလုပ်ရန် လိုအပ်နေပါကြောင်း အကြံပြုသုံးသပ်အပ်ပါသည်။

(ဃ) မျိုးတုံးပျောက်ကွယ်လုနီးပါး ဖြစ်နေသော ဆလုံတိုင်းရင်းသားများအတွက် အခြေခံ ဥပဒေပါအခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် အလျင်အမြန် အကာအကွယ်ပေး သင့်ပါကြောင်း အကြံပြုသုံးသပ်ပါသည်။

(င) မြန်မာ့ပင်လယ်ပြင် ကျွန်းစုများ၏တန်ဖိုး၊ အလှအပ၊ လုံခြုံရေးနှင့်ခရီးသွားလုပ်ငန်း အတွက် သုတေသနလုပ်ငန်းများ၊ စီမံကိန်းများ၊ ဥပဒေပြဋ္ဌာန်းချက်များကို စနစ်တကျ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုသုံးသပ်ပါသည်။

## နိဂုံး

၂၅။ ကော်မတီသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပတ်သက်၍(၈-၅-၂၀၁၈)ရက်နေ့မှ (၁၇-၅-၂၀၁၈) ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်များသည် ယင်းတို့၏မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရောက်သည့်အပြင် ကော်မတီမှလည်း လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကြပ်မတ် ပေါင်းစပ်ညှိနှိုင်းပေးသည့်အတွက် လုပ်ငန်းများ ပြီးမြောက်အောင်မြင်သည်ကို စိစစ်တွေ့ရှိရပါသည်။ ဤခရီးစဉ်တွင် ကော်မတီဝင်များ၏ အကြံပြုချက်များ၊ ဒေသခံပြည်သူများ၏ တင်ပြချက်များ၊ ဝန်ကြီးဌာနများ၏ အားသာချက်၊ အားနည်းချက်များကို တွေ့ရှိရသည့်အတွက် များစွာအကျိုးရှိသော ခရီးစဉ်ဖြစ်သဖြင့် အခါအားလျော်စွာ ကွင်းဆင်း စိစစ်လေ့လာမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၆။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ (၆)ကြိမ်တိုင်တိုင် ရှိခဲ့ပြီးဖြစ်ပါသည်။ နောက်နောင်များတွင်လည်း အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးသင့်သည့်ကိစ္စရပ်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏လမ်းညွှန်မှုကိုခံယူ၍ ထပ်မံကွင်းဆင်း စစ်ဆေးသွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာတွင်လည်း မေးခွန်းရှင်ကိုယ်စားလှယ်များမှ ယခုထက်ပိုမို၍ ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီမှလည်း ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားနိုင်ရန်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်
အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံခြင်း မြင်ကွင်းပုံ (အ)



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်မှ ဌာနဆိုင်ရာများနှင့်တွေ့ဆုံဆွေးနွေးခြင်း မြင်ကွင်းပုံ (အ-၁)



ဆလုံ(မော်ကင်း)လူမျိုးများနေထိုင်ရာ မကျုံ့ဂလက်ကျွန်းသို့ သွားရောက်လေ့လာခြင်း ပြပုံ (အ-၂)



**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက် (အင်္ဂါနေ့) နေ့လယ် ၁း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]